
mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

ကျမ်းပြုသူ - ဦးထွန်းညို

# အလောင်းမင်းတရား

## အရေးတော်ပုံကျမ်း




မူကွဲ - ၂


ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။


mgyoe.com SAMPLE BOOK

# ပန်းရွှေပြည် မြန်မာ့ရေးရာစာအုပ်များ


















mgyoe.com SAMPLE BOOK

**တန်ဖိုး**
၃၀၀၀ ကျပ်

**အုပ်ရေ**
၅၀၀ အုပ်

**ပထမအကြိမ်**
၂၀၁၈ ခုနှစ် ဇူလိုင်လ

**မျက်နှာဖုံးဒီဇိုင်း**
မင်းဟန်

**ထုတ်ဝေသူ**
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဒေါ်စုစုလှိုင် (၀၁၂၃၄)
စုပုံနှိပ်တိုက်
အမှတ်၁၄-အေ၊ ၅၆ လမ်း၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**စာအုပ်ချုပ်**
မင်းဇော်

mgyoe.com

mgyoe.com SAMPLE BOOK

# အလောင်းမင်းတရား
# အရေးတော်ပုံကျမ်း

တွင်းသင်းတိုက်ဝန် မဟာစည်သူ ဦးထွန်းညို

---

ကိုရွှေသိမ်းမင်း စိစစ်ခင်းကျင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK


# မာတိကာ


- အလောင်းမင်းတရား ဆွေတော်စဉ် ၉
- အလောင်းမင်းတရား ကြိုတင်စီမံခြင်း ၁၀
- မွန်တို့ မူဆိုးဘိုသို့ သစ္စာတိုက် လာကြခြင်း ၁၁
- မွန်တို့ ချီတက်လာပြန်ခြင်း ၁၄
- မြင်းလျင်တပ် ဖွဲ့ခြင်း ၁၅
- မွန်တပ်နှင့် တိုက်ကြခြင်း ၁၇
- မွန်တို့ ချီတက်လာပြန်ခြင်း ၁၉
- လက်ျာပုံ့ချီထံ စာစေခြင်း ၂၀
- ခင်ဦးရွာကို တိုက်ခိုက်ခြင်း ၂၁
- ရွှေတောင်စား ထွက်ပြေးခြင်း ၂၃
- ခင်ဦးစား စီးချင်းတိုက်ခြင်း ၂၄
- ရွာသစ်နှင့် ညောင်လှမွန်တပ်ကို တိုက်ဖျက်ခြင်း ၂၆
- အလောင်းဘုရားနှင့် ခင်ဦးစားငချစ်ညို စစ်ပြိုင်ခြင်း ၂၇
- ခင်ဦးတပ် ပြိုပျက်ခြင်း ၂၉
- သူရဲကောင်းတို့ကို ဘွဲ့ချီးမြှင့်ခြင်း ၃၀
- ကျွန်းတောကြီးတပ်ကို တိုက်ခြင်း ၃၅
- သစ်ခေါက်တပ်ကို တိုက်ခြင်း ၃၆
- မယုံစားရသူတို့ကို ကွပ်မျက်ခြင်း ၃၇


mgyoe.com

mgyoe.com
SAMPLE BOOK


- မြို့တော် တည်ခြင်း ၃၈
- ကွေ့တို့ကို တိုက်နှိမ်ခြင်း ၃၉
- မွန်တပ်များကို စုရုံးတိုက်ခြင်း ၄၁
- အင်းဝမြို့ကို သိမ်းပိုက်ခြင်း ၄၃
- အထက်ရှမ်း, ကချင်တို့ကို နှိမ်နင်းခြင်း ၄၃
- ရာဇာဓိရာဇ် ခိုဝင်လာခြင်း ၄၅
- မွန်တပ်များ ချီတက်လာခြင်း ၄၆
- ငချစ်ညို အသတ်ခံရခြင်း ၄၇
- မွန်တို့ အင်းဝကို ဝိုင်းရံခြင်း ၄၈
- ရေတပ်ချင်း တိုက်ကြခြင်း ၅၀
- မွန်တပ်များ စုန်ပြေးခြင်း ၅၃
- ရွှေချက်သိုစေတီ ထီးတော်တင်ခြင်း ၅၄
- အင်းဝဘုရင်နှင့် ဆွေတော်မျိုးတော်များကို စီရင်ခြင်း ၅၅
- မွန်လက်အောက်ရှိ ဗမာများ တော်လှန်ခြင်း ၅၆
- မွန်တို့က ပြည်မြို့ကို ဝန်းရံခြင်း ၅၇
- ပြည်မြို့တွင် တိုက်ခိုက်ကြခြင်း ၅၉
- မင်းတရားကြီး ပြည်သို့ ချီလာခြင်း ၆၀
- ပြည်မြို့ကို သိမ်းပိုက်ခြင်း ၆၁
- 'မြန်အောင်မြို့'ဟု သမုတ်ခြင်း ၆၃
- သန်လျင်ကင်းမြို့ကို အောင်မြင်ခြင်း ၆၄
- 'ရန်ကင်းစံရာ'ဟု သမုတ်ခြင်း ၆၄
- ဒဂုံမြို့သို့ ရောက်ခြင်း ၆၅
- 'ရန်ကုန်'ဟု သမုတ်ခြင်း ၆၅


mgyoe.com

mgyoe.com
SAMPLE BOOK


- တာမွေ၌ မွန်တပ်ကို တိုက်ခိုက်ခြင်း ၆၆
- ဘောင်နင်းမလစ်တပ်ကို တိုက်ခြင်း ၆၇
- သန်လျင်တပ်ကို တိုက်ခြင်း ၆၉
- နေပြည်တော်သို့ မင်းတရားကြီး ပြန်ခြင်း ၇၃
- ဟံသာဝတီကို မွန်တို့ ဝိုင်းပြန်ခြင်း ၇၄
- အလောင်းမင်းတရား စုန်တော်မူပြန်ခြင်း ၇၇
- သန်လျင်ကို တိုက်ခြင်း ၇၈
- ပဲကူးတွင် ပန်းတုံးမှတ်တိုင် စိုက်စေခြင်း ၇၉
- ဒေါပုံတပ်ကို တိုက်ခိုက်အောင်မြင်ခြင်း ၈၀
- သန်လျင်ကို တိုက်ခြင်း ၈၃
- မဟာသေနာပတိ ကျဆုံးခြင်း ၈၅
- သန်လျင်ကို အောင်မြင်ခြင်း ၈၆
- ဒေါရွယ်ယစက် ဝင်စားခြင်း ၈၈
- ကမ္ဘာပီတပ်ကြီးကို တိုက်ခြင်း ၈၉
- ပရိယာယ်ဖြင့် တိုက်ခြင်း ၉၂
- ညောင်ပင်တပ်ကို တိုက်ခြင်း ၉၃
- ဆရာတော်တို့ မေတ္တာရပ်ခံခြင်း ၉၄
- ဟံသာဝတီကို ဝိုင်းရံခြင်း ၉၆
- ဇေတုဝတီမြို့ တည်ခြင်း ၁၀၀
- တလပန်း ထွက်ပြေးခြင်း ၁၀၂
- မွန်တို့က သမီးကညာဆက်သရန် သဝဏ်စေခြင်း ၁၀၂
- သမီးကညာဆက် အခမ်းအနားအစီအရင် ၁၀၅
- မွန်မင်းသမီးကို ဆောင်ယူလာခြင်း ၁၀၇

mgyoe.com

mgyoe.com SAMPLE BOOK

- လက်ဆောင်တော်များ ဆက်လာခြင်း ၁၀၈
- ဗညားတလ ပုန်ကန်ခြင်း ၁၀၉
- လက်ဆောင်ပဏ္ဏာများ ဆက်သခြင်း ၁၁၁
- ဗညားတလတို့ မြို့တွင်းမှ ခံနေခြင်း ၁၁၂
- အမြောက် သွန်းလုပ်ခြင်း ၁၁၃
- ဟံသာဝတီ ပျက်စီးရခြင်း ၁၁၄
- နန်းသိမ်းအခမ်းအနားနှင့် အမည်အရည်ပေးခြင်း ၁၁၅
- 'နန်းကျဘုရင်'မခေါ်စေနှင့် ၁၁၆
- နေပြည်တော်သို့ ပြန်တော်မူခြင်း ၁၁၇
- မဏိပူရကသည်းမင်းတို့ ခိုဝင်လာခြင်း ၁၁၈
- စေတီတော် တည်ခြင်း ၁၁၉
- ကသည်းပြည်သို့ ချီတော်မူခြင်း ၁၂၀
- ကသည်းစော်ဘွားသို့ ရာဇသံ ပို့ခြင်း ၁၂၂
- ကသည်းမြို့နန်းကို သိမ်းခြင်း ၁၂၃
- နေပြည်တော်သို့ ပြန်ခြင်း ၁၂၆
- ယိုးဒယားသို့ ချီတက်ခြင်း ၁၂၇
- ယိုးဒယားတပ်များကို တိုက်ခိုက်ခြင်း ၁၂၉
- နေပြည်တော်သို့ ပြန်လည်ခြင်း ၁၃၀
- အလောင်းမင်းတရား နတ်ရွာစံတော်မူခြင်း ၁၃၂
- မိဖုရားနှင့် သားတော်, သမီးတော်များ ၁၃၃
- ကောင်းမှုကော်များ ၁၃၅
* အကၡရာစဉ်အညွှန်း ၁၃၇

mgyoe.com

mgyoe.com SAMPLE BOOK



**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

ရတနာပူရ အင်းဝမင်းတို့၏အစဉ်ကို ဆိုပြီး၍ ယခုအခါ အလောင်းမင်းတရား၏ အရေးတော်ပုံအတ္တုပ္ပတ္တိကို အကျဉ်းမျှ ရေးပေအံ့။

သက္ကရာဇ် ၁၁၁၃ ခု တန်ခူးလဆန်း ၈ ရက်[၁] ဗုဒ္ဓဟူးနေ့။ ဟံသာဝတီမွန်တို့ နှောင့်ယှက်၍ အင်းဝပြည်ကြီး ပျက်စီးလျှင်၊ သုနာပရန္တတိုင်း မူဆိုးဘိုရွာကို 'ရတနာသိင်္ယ' သမုတ်၍ အလောင်းမင်းတရား တည်ထောင်တော်မူ၏။

## အလောင်းမင်းတရား ဆွေတော်စဉ်

အလောင်းမင်းတရား အကြောင်းတော်ကား

ပုဂံပြည်ကြီးရှင် သခင်ပျူစောထီးမှသည် ၄၇ ယောက်သောမင်းတို့နောက် ဖောင်စကြာရှင် နရပတိစည်သူ၏သမီး ကျောင်းတော်သည်နှင့် နရသိင်္ယမင်း၏သားတော် အနန္တသူရိယ စုံဖက်ရာတွင်ဖွားမြင်သည့် သား-[၁]သိဒ္ဓိကာ, သား-[၂]ဘဲကြီးရတနာ, သား-[၃]ဘဲငယ်ရတနာ, သား-[၄]လမ္ဘူရန္တသူ, သား-[၅]ပေါက်-မြိုင် မင်းပုလဲ, သား-[၆]မြေနဲ မင်းဒိဃာ, သား-[၇]မိုးညှင်းမင်းတရား, ညီ-[၈]ဝပါနော်ရထာ, သား-[၉]မြောက်ဘက်နော်ရထာ, သား-[၁၀]သခ်ယာ, သား-[၁၁]မင်းနေဝန်း, သား-[၁၂]မင်းရဲထွေး, သား-[၁၃]မင်းကြီးရွှေ, သား-[၁၄]'တုရင်ကျော်သူ'ခံ မင်းဘိုးခင်, သား-[၁၅]မင်းစစ်နိုင်, သား-[၁၆]သီရိမဟာဓမ္မရာဇာ။ သား-အလောင်းတော်မင်းတရား။

---

၁။ ခရစ်နှစ် ၁၇၅၂ ခု၊ မတ်လ ၁၁ ရက်

၂။ 'လံဘူရန္တသူ' ကို ပြင်ထည့်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဤကား နရပတိစည်သူမင်းတရား၏သမီး ကျောင်းတော်သည်မှသည် သိရိမဟာဓမ္မရာဇာတိုင် ၁၆ ဆက်သော ဆွေတော်အစဉ် အကျဉ်းအမြွက်မျှသာတည်း။

## အလောင်းမင်းတရား ကြိုတင်စီမံခြင်း

အလောင်းမင်းတရားကား သက္ကရာဇ် ၁၀၇၆ ခု တော်သလင်းလ[၁] တွင် ဖွားတော်မူ၏။ လျှပ်စီး ပြင်းစွာလှုပ်၍ ဘုရားပုထိုး ပြို၏။ မြေကြီး အစိတ်စိတ် ကွဲ၍ ရေထွက်၏။

အရွယ်တော်သို့ ရောက်သည်ကာလ လက်ရုံးတော်ရောင် တောက်သောကြောင့် 'မူဆိုးဘိုရွာက မင်းလောင်း ပေါ်လတ်မည်။' ကျော်စောသံကို စေဥ္စကိုင်[၂] တပ်က တောင်ငူရာဇာကြားလျှင် စေဥ္စကိုင်တပ်သို့ ခေါ်၍၊

"'ရှင်ဘုရင်စော် နံသည်။'-ဆိုသည်။ မှန်သည်လော။" ဟု မေးသည်ကို "မလိုသူတို့ ကုန်းချောစကားမျှသာ ဖြစ်ပါသည်။" ဟု အစစ်အကြောခံ၍ ပြန်လည်ခဲ့လျှင်၊

တောင်ငူရာဇာလည်း "နိမိတ်တဘောင်လည်း ပေါ်ရှိသည်။ ရဲရင့်တည်ကြည်ခြင်းလည်း ရှိသည်။ ပြောရည်ဆိုရည် နှုတ်ထွက်ရည်လည်း ရှိသည်။ ကိန်းချောခန်းချေပြုမှ သင့်မည်။" ဟု အကြံရှိ၍ ရွှေတန်ဆာဘုရားရှင်မြောက်တွင် ကိန်းချေတဲနန်း ဆောက်လာရ၏။

ထိုအကြောင်းများကို မြင်တော်မူလျှင် 'အင်းဝမြို့မှာလည်း မွန်တို့က ကြည်းကြောင်း၊ ရေကြောင်း အထပ်ထပ်ရံသည်။ အားကြီးလှသည်။'-ကြားတော်မူ၍၊ "အရေးကို မမြင်နိုင်။ အင်းဝမြို့ပျက်သော် ငါတို့နေနိုင်အောင် နေရမည်။" အကြံတော်ရှိ၍ ထန်းလုံးတပ် စိုက်ပြီးလျှင်၊ ရွာနီးရွာစပ် အရပ်သား

---

၁။ ခရစ်နှစ် ၁၇၁၄ ခု၊ ဩဂုတ်လ။ ဦးမောင်မောင်တင်၏ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး ပတွဲ၌ '၁၀၇၆ ခု၊ တော်သလင်းလပြည့် ကြာသပတေးနေ့'ဟု ဖော်ပြသည်။

၂။ စေဥ္စကိုင် = စဥ္စကိုင်။ အချို့က 'ေ' ကို 'င' ပြု၍ 'ငစဥ္စကိုင်' ဟုအရေးအမှတ်ရှိခဲ့။

mgyoe.com

SAMPLE BOOK


တို့ကို တပ်တွင်းသို့သွင်း၍ မျိုးစေ့ရိက္ခာ လုံလောက်အောင် ကြံဆောင်တော်မူနှင့်၏။ လက်နက်ကိရိယာ, ဗိုလ်ပါ, ဆင်, မြင်း ဆည်းပူးတော်မူ၏။ စိုင်းနှင်[၁], ဒိုင်းရေး, လွှားရေး, လေးပစ်, လှံထိုး သင်ကြရ၏။ တပ်တော်ပတ်လည် ဆည်,ကန်,ရေတွင်း အကြွင်းမရှိ ဖျက်ဆီးရ၏။

## မွန်တို့ မူဆိုးဘိုသို့ သစ္စာတိုက် လာကြခြင်း

ပဲကူးမင်းညီ ဥပရာဇာလည်း မင်းဇေကရာဇ်နှင့်တကွ အင်းဝမြို့ကိုရလျှင် ''အရပ်ရပ်သားတို့ သစ္စာခံသောက်၍ ရှိလေပြီးသည်။ မူဆိုးဘိုရွာသာ ထန်းလုံးတပ်ကို ယုံ၍ သစ္စာမခံ ကျန်ရှိလေသေးသည်ကို ငါတို့က သင့်ရာလူစေ၍ သစ္စာတိုက်စေ။ သစ္စာတိုက် မခံ သောင်းကျန်းခိုင်မာနေသည်ကာလမှ အနိုင် သိမ်းယူရမည်။ ငါးစို့တစ်ခွင် မြောက်ဘက်တပြင်သားတို့လည်း ငါတို့ လူချည်း ဖြစ်လေပြီးသည်။ ခင်ဦးစား မင်းကြီးကျော်စွာ, သား လကျ်ာပျံချီ တို့လည်း မူဆိုးဘိုနှင့်အနီးအစပ် တပ်ခိုင်တပ်လုံ့နှင့် ရှိလေပြီးသည်။ အပန်းတကြီးလုပ်ကြံရမည် မဟုတ်။ လက်ခုပ်တီးကာသာ ယူရမည့်အရေး ရှိသည်ဖြစ်၍၊ အဲကံကောင်းတပ်, ဖိပ်ဖြဲတပ်, ပိုက်သီဟတပ်, အဲနရဲတပ်နှင့် တပ်ပေါင်း ၁၅ တပ်-စစ်သည်သူရဲ ၄၅,၀၀၀ ကို တလပန်း အုပ်ချုပ်၍၊ မူဆိုးဘိုမှ စ၍ ရန်ဆူးရန်ငြောင့် ရန်ငုတ်တို့ကို သုတ်သင်ရမည်။

''ငါတို့ဟံသာဝတီမှာလည်း ရေး, ထားဝယ်, မြိတ်, တနင်္သာရီသားတို့ မကျိုးမနွံလေသေး။ ယိုးဒယားမင်းကို ချီပင့်၍ လာချေသော်၊ ဗိုလ်မှူးတပ်မှူး အပေါင်း သူရဲကောင်း ဟူသမျှလည်း အညာသို့ချည်း ပါသည်ဖြစ်၍ အရေးလစ်ဟင်းချေမည်။ သမက်တော် စောဖြ, ဗညားဒလ, ဒေါစွယ်ယစက်, ဒေါတော်စို, ဥပါကောင်းနှင့် ငါတို့ တပ်ပေါင်း ၃၀ သားတို့မှာ စုန်သွားနှင့် တော့မည်။'' ဆို၍ အင်းဝဘုရင်ကို ဆောင်ယူ စုန်သွားလေ၏။

---

၁။ 'မြင်းစီးဆင်စီးအလေ့အကျင့်'ဟု ယူဆရသည်။ 'စိုင်နှင့်', 'စိုင်နှင်'-ဟု ပုံနှိပ်မူကွဲလည်း ရှိ။-စိစစ်ခင်းကျင်းသူ

mgyoe.com

mgyoe.com
SAMPLE BOOK


စစ်သူကြီးတလပန်းလည်း 'မှုဆိုးဘိုမှ သစ္စာတိုက်ချေ။' စေလိုက်၍ လူ ၃၀ ကျော်သားတို့ ရောက်လာ၏။

ကွေ့ဂုဏ္ဏအိန်ကလည်း 'ထိုနေ့ဒြပင်လျှင် သစ္စာတိုက်မည်။'ဟု လူ ၂၀ ရောက်လာ၏။

အလောင်းမင်းတရားလည်း ရောက်လာသည့်သံတို့ကို ကောင်းမွန်စွာ ကျွေးမွေးစားသောက်စေ၍ အသင့်အတင့် တဲကနားနှင့် နေစေပြီးလျှင်၊ သားတော်, ညီတော်, ဗိုလ်မှူး, တပ်မှူးတို့ကို ခေါ်တော်မူ၍၊ "ယခု သစ္စာတိုက်မည့် မင်း ၂ ဦး ရောက်လာရာမှာ ဘယ်သူ့သစ္စာကို ခံရလျှင် သင့်မည်။" တိုင်ပင်တော်မူသော်၊

"ခေါင်းတစ်လုံးကို ရေအိုး ၂ လုံး မရွက်သာသကဲ့သို့ တစ်ဦးဦးသစ္စာကိုသာ ခံသင့်သည်။ ၂ ဦးသစ္စာကို မခံသင့်။ အကြောင်းမှာ မွန်ပြည်ကား ဝေးလည်း ဝေးသည်။ ရောက်သော်လည်း ကွေ့နှင့်ပေါင်းယှက်၍ တိုက်မည်။ အင်းဝပျက်တွင် ကျွန်တော်တို့စည်သာမင်းကြီးလည်း ကွေ့ထဲသို့ရောက်၍ ဂုဏ္ဏအိန်အထံ ရှိလေသေးသည်။ ကွေ့တို့သစ္စာကို ခံသော် သင့်မည်။"

ဗိုလ်မှူး,တပ်မှူးတို့ တညီတညွတ်လျှောက်ကြသည်ကို ကြားတော်မူလျှင်၊ "ကိုယ်တို့ လျှောက်သည့်အရေးလည်း အရေးသင့်ပင် ဖြစ်သည်။ သို့ရာတွင် ၂ ဦးလုံးသစ္စာကို မခံရအောင် ပြောဆိုမည်။"

မိန့်တော်မူ၍၊ မိုးသောက်လျှင် သံ ၂ ဦးတို့ကို အစုံအညီနေစေ၍၊

"ယခု ဟံသာဝတီမင်းသစ္စာကိုသာ ခံချေသော် ကွေ့မင်းက ကျွန်ုပ်တို့ကို ဒေါသခံလိမ့်မည်။ ကွေ့မင်းသစ္စာကိုသာ ခံချေသော် ဟံသာဝတီမင်းက ကျွန်ုပ်တို့ကို ဒေါသခံလိမ့်မည်။ 'သစ် ၂ ဖက်ကြား ဝါးကျပ်သည်။' ဆိုသကဲ့သို့ ကျွန်ုပ်တို့ရှိရမည်ဖြစ်၍၊ ၂ ဦးသောသစ္စာကိုပင် မခံသာချေသေး။ ဘုန်း, လက်ရုံး တောက်ပ၍ တစ်ဦးကိုတစ်ဦး နှိမ်နင်းနိုင်သည့်ကာလမှ သစ္စာခံပါရစေ။ ယခု ၂ ဦးသောသစ္စာကို ခံသောက်ချေသော် 'သဘော မဟုတ်။ လိမ်လည်မှုနှင့် ပြုသည်သာ။' ဟု မင်းသံတော်တို့ မယုံပေရာ။"


mgyoe.com

မိန့်တော်မူလျှင်၊ မင်းသံ ၂ ဦးတို့လည်း 'သဘောသကန် ဟုတ်လှပေသည်။' ဟု နှလုံးရှိကြ၍ ပြန်ကြလေ၏။

ကွေ့ကစေသော သံတို့ကိုကား နောင်တော်စည်သာမင်းကြီး ကွေ့ထဲမှာ ရှိလေသေး၍ ပေးဖွယ်ကမ်းဖွယ်နှင့် ကျောက်မြောင်းဆိပ်ရောက် ပို့တော်မူလိုက်၏။

သံတို့ရောက်၍ အကြောင်းမျိုးကို ဂုဏ္ဏအိန်ကြားလျှင်၊ ဝမ်းမြောက်ဝမ်းသာ နောင်တော်စည်သာမင်းကြီးကို ပေးဖွယ်ကမ်းဖွယ်နှင့် ပို့လိုက်၍ ရွှေစက်တော်အောက် ရောက်လာရ၏။

မွန်သံတို့မူကား ဟန်လင်းမြို့တောင် တောအရပ်က ဆီးကြို၍တိုက်လေသည်ကို၊ ထွက်ပြေးလေသောသူတို့ ရောက်၍ တလပန်း ကြားလျှင်၊ သေနတ်အများနှင့် လူ ၃၀၀၀ ခန့်၍၊ 'ငါတို့သစ္စာကို သောက်လျှင် သောက်စေ။ မသောက်လျှင် အနိုင် တိုက်လေစေ။' ထပ်ပြန်၍ လာကြောင်းကို အလောင်းဘုရားကြားတော်မူလျှင်၊ မြို့ရှေ့ချောင်းနား ကျောင်းတွင်းက သေနတ်မီးပေါက်နှင့် လူ ၅၀၀ ပုန်းကွယ်နေစေ၍၊ လက်ဝဲ, လက်ယာ မြင်း ၁၀၀ စီ, တပ်တွင်းကလည်း တုတ်တံကျင်ကိုင် လူ ၅၀၀ စီရင်ခင်းကျင်းထားပြီးလျှင်၊ အုန်းတစင် မြင်းခေါင်း ဒေဝသီဟတုရင်နှင့် လူ ၁၀ သားကို ခရီးဦး ကြိုဆိုဟန်ပြု၍၊ တဲကနားသို့ အရောက်ဆောင်ခဲ့၍ လာသည်တွင် လက်ဝဲ,လက်ယာ မြင်းသည်တို့ကို မြင်လျှင်၊ ဒေဝသီဟတုရင်ကို မွန်တို့ လှံနှင့်ထိုး၍ ဆုံးချေ၏။

ယင်းသို့စဉ်တွင် ကျောင်းထဲ၌ထားသည့် သေနတ်သား ၅၀၀ တို့လည်း ကျောင်းကထွက်၍ သေနတ်မီးပေါက် ဖြော်ဖြော်ပစ်ကြ၏။ မြင်းသည် ၂၀၀ သားတို့လည်း ၂ ဖက်ညှပ်၍ ထိုးခုတ်ကြ၏။ တုတ်တံကျင်စွဲသူတို့လည်း တပ်က ထွက်၍ ပဲပုတ်၏သို့ ရိုက်နှက်ကုန်၏။ မွန် ၃၀၀၀ လုံး ထွက်ပြေးရာ မရလေ။ ၅ ယောက်မျှသာ လွတ်လေ၏။



mgyoe.com

mgyoe.com SAMPLE BOOK

## မွန်တို့ ချီတက်လာပြန်ခြင်း

စစ်သူကြီးပြုသူ တလပန်းလည်း "အင်းဝမြို့မှ ငါတို့လက် မခံနိုင်ကုန်။ မူဆိုးဘိုရွာငယ်မျှ ထန်းလုံးတပ်နှင့် ခံသည်။ ခံနိုင်မည်လော။" ဟု အဲကံကောင်း, ဖိပ်ဖြဲ, ပိုက်သီဟ, အဲနရဲတို့နှင့် တပ်ပေါင်း ၉ တပ်၊ မြင်း ၂၀၀၀, သေနတ် ၅၀၀၀, လူ ၃ သောင်း ခန့်၍၊ သက္ကရာဇ် ၁၁၁၄ ခု ကဆုန်လဆန်း ၈ ရက်နေ့[၁] စစ်ကိုင်းဘက်သို့ ကူးစေ၍ ချီလာကြောင်းကို ကြားတော်မူသည်နှင့်၊ ထိုနေ့ညဉ့် အိပ်မက်မြင်တော်မူသည်ကား 'ခံတွင်းတော်မှ အလျှံနှင့်တကွ အငွေ့ချောင်းချောင်းထွက်၍၊ အရပ်ထက်ဝန်းကျင် ကောင်းကင်အပြည့် အခိုးအတိ ဖုံးလွှမ်း၍၊ ထိုအငွေ့ကို သားတော်တို့နှင့် ထွက်၍ရှုတော်မူစဉ်၊ သားတော် အိမ်ရှေ့မင်း, မြေဒူးမင်း, ဗဒုံမင်းတို့ ခံတွင်းကလည်း အလျှံနှင့် တကွသော အငွေ့ထွက်သည်များ' ကို မြင်တော်မူ၍ နိုးတော်မူလျှင်၊

"ပျို့ရွယ်စဉ်ကာလကလည်း လက်ရုံးရောင် တောက်ဖူး၏။ ယခုလည်း အဆန်းအကြယ် အံ့ဖွယ်သရဲတို့ကို မြင်ပြန်သည်။ မချွတ်လျှင် ဘုန်းလက်ရုံးရှင် ဖြစ်လတ္တံ့။" ဟု ဖတ်တော်မူ၍၊ ထိုအကြောင်းကို ကျွန်တော်မျိုးတို့အား ပြန်ကြားတော်မူပြီးသော်၊ ၆ ကျိပ် ၈ ယောက်သော ရဲဖော်သွေးသောက်တို့ကို ရဲအားတက်စေလို၍ ဆုလာဘ်ပေးပြီးလျှင်၊

"မင်းတရားရွှေထီးမှာ ၃ ကျိပ် ၆ ယောက်သော ကျွန်တော်ရင်းတို့ကို မြင်းလျှင်တပ်[၂] ဖွဲ့သော ဟူသကဲ့သို့ ငါတို့မှာလည်း ဖွဲ့စကောင်းသည်။" ဟု ၆ ကျိပ် ၈ ယောက်သော ရဲဖော်စုသားတို့ကို မြင်းလျှင်တပ် ဖွဲ့တော်မူ၏။

---

၁။ ခရစ်နှစ် ၁၇၅၂ ခု ဧပြီလ ၉ ရက်။

mgyoe.com

mgyoe.com SAMPLE BOOK

# မြင်းလျှင်တပ် ဖွဲ့ခြင်း

ဖွဲ့ခြင်းစာစီ[၁]ကား

'ဇမ္ဗူကျော်သောင်း၊ မြေကြီးစောင်းမျှ၊
အလောင်းမင်းကျွန်၊
ရန်အကြိမ်ကြိမ်၊ တိုက်လှဲနှိမ်သည်၊
စည်းစိမ်-ရန်လွင့်၊ ငပွင့်-ရန်ဆီး၊
ချင်းတီး-ရန်ဟန့်၊ ငညွန့်-ရန်ရှောင်၊
ငအောင်-ရန်နွေး၊ ပန်းထွေး-ရန်ဖြိုး
ပန်းညိုး-ရန်လှည်း၊ ငနည်း-ရန်ထွင်၊
ကျော်ထင်-ရန်ဖြတ်၊ ငတုတ်-ရန်ချိုး၊
တုတ်ဖြိုး-ရန်နိုင်၊ တော်အိုင်-ရန်ပယ်၊
ငဖွယ်-ရန်ဖြတ်၊ ကျော်မှတ်-ရန်နှင်၊
ငလွင်-ရန်ဝေး၊ ငထွေးရန်လို၊
ထွေးညို-ရှေ့လွန်၊ ငထွန်ရှေ့သွား၊
ခင်းပါး-ရှေ့တည်၊ ရွှေရည်ရှေ့ခေါင်း၊
ငကောင်း-လူကျော်၊ ငသော်-လူတွင်၊
ပေါ်ထင်-လူမော်၊ ပိန်ကျော်-လူလှ၊
သာဝ-ကျော်သည်း၊ ဆွေနည်း-ကျော်သွေး၊
အောင်သလေး-ကျော်ဟိုး၊ ငအိုး-ဆွေတော်၊
မှတ်ကျော်-ပေါ်စ၊ ငမြ ပေါ်ဟောင်း၊
ငနှောင်း-ပေါ်ရင်း၊ ညိုမင်း-ပေါ်ထင်၊
ငသွင်-ညွန့်လန်း၊ ငပန်း-ညွန့်ခက်၊

---

၁။ 'မြင်းလျှင်တပ်ဖွဲ့ခြင်းကို လင်္ကာစာစီထားခြင်း'-ကို ညွှန်းသည်။-စိစစ်ခင်းကျင်းသူ

mgyoe.com

mgyoe.com SAMPLE BOOK

ဖေက်-ညွှန့်လှ၊ ထွန်းရ-မည်ခေါ်၊
ထွန်းကျော်-မည်သာ၊ ရောမည်ခံ၊
ကျော်စံ-စစ်မှူး၊ သာဦးစစ်တပ်၊
သာမြတ်-စစ်ငင်၊ သာထင်-စစ်တပ်၊
ခေက်-စစ်မြှူ၊ မြတ်သူ-စစ်ဖြန်း၊
မြတ်ထွန်း-စစ်ခွာ၊ မြတ်သာ-စစ်ဆော်၊
ရွှေကျော်-စစ်ကဲ၊ ရွှေခဲ-စစ်နည်၊
ရွှေရည်-စစ်ရင်၊ ရွှေထင်-စစ်လိုက်၊
ပိုက်-ရေးယူ၊ ညိုသူရေးရှာ၊
သော-ရေးကုံ၊ စိန်ငုံရေးမြင်၊
စည်ပင်-ရေးရောင်၊ သာထွန်းအောင်-ရဲပေါ်၊
လွန်းကျော်-ရဲလှ၊ ရေ-အံ့အော်၊
တော်-အံ့အာ၊ စံရာ-အံ့အဲ၊
စံခဲ-ဖတ်လွတ်၊ စံမှတ်-ဖက်ကျော်၊
တော်-ဖက်ကွာ၊ ဖြိုးသာ-ဖက်လျှိုး၊
ချစ်မျိုး-ဖက်ရှောင်၊ အောင်-လက်ကောင်း၊
ဆုတောင်း-လက်ရ၊ ထွန်းမြ-လက်လည်၊
ဤသို့သဖြင့်၊
ရဲရင့်သံသွင်၊ ကုံတွင်မှုထမ်း၊
ရဲစွမ်းကျော်လှစ်၊ ခြောက်ကျိပ်ရှစ်တည်း။
စစ်စစ်တွက်တွက်၊ မြင်းယဉ်တက်သည်။[၁]
ပြိုင်ဖက်လွတ်ကင်း၊ ရဲဘော်သင်း။ ။' ဟူသည်တို့တည်း။

ဤလင်္ကာ၌ 'စည်းစိမ်ရန်လွှင့်၊ ပွင့်ရန်ဆီး၊ စသည်တို့ဖြင့် တစ်သမတ်တည်း ၆ ကျိပ် ၈ ယောက်တို့ကို ၆၈ ပါဒတို့ဖြင့် အပြီးရောက်စေသတည်း။

---

၁။ 'မြင်းရည်တက်, မြင်းယာဉ်တက်'ဟု ဝေါဟာရကွဲများရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

မြင်းလျှင်တပ်ဖွဲ့စက ဘွဲ့အမည်ရသည်ကား

ငပွင့်ကို 'နေမျိုးရွှေတောင်', ငထွန်းကို 'မင်းလှရွှေတောင်', မြတ်ထွန်းကို 'မင်းကျော်ဗညား', ငကောင်းကို 'မင်းကျော်ပုံချို' အမည်နှင့် သေနတ်ဝန်ခန့်တော်မူ၏။

**သူတစ်ချို့ကား 'မင်းတရားရွှေထီးမြင်းလျှင်တပ်'ကို ဆင်ဖြူရှင်မင်းတရားဖွဲ့သည်။' ဟု ဆိုသည်။ သူတစ်ချို့လည်း 'တောင်ငူ မဟာဓမ္မရာဇာဖွဲ့သည်။' ဟု ရာဇဝင်၌ မကျွမ်းမကျင်၍ ဆိုမှားသည်။**

## မွန်တပ်နှင့် တိုက်ကြခြင်း

မွန်တို့လည်း စစ်ကိုင်းမြို့က အပြင်းချီလာ၍ မူဆိုးဘိုသို့ ၄ ရက်နှင့် ရောက်လာ၏။

ထိုသို့ရောက်လာသည့်နေ့-ကျွန်တော်မျိုးတို့ စိတ်ထားစိတ်နေကို စုံစမ်းလို၍ စည်းဝေးရာတွင်၊ ခါးတောင်းပင့်နှင့် လူတစ်ယောက်ကို မြင်တော်မူ၍၊ ''ကိုယ်တာအမှုကို ကြိုးစားအားထုတ် ထမ်းနိုင်ပါမည်လော။'' ဟု မေးတော်မူသည်ကို ''ဘုရားကျွန်တော် အမှုတော်ကို ထမ်းနိုင်မည် မဟုတ်ပါ။'' လျှောက်မိချေရကား ကိုယ်တော်တိုင်ထ၍၊ သဘော်ဓားရှည်နှင့် ကျောက်ကို ဓားပြား ချသည်ကို မြင်လျှင်၊ 'ခုတ်ဖြတ်၍ ပစ်ချေပြီ။' အထင်ရှိကြသည်နှင့် အသားစား သကဲ့သို့ ထင်၍၊ ''ယခုပင် ဘုရားကျွန်တော်တို့ ထွက်၍ မွန်တို့ကို ဖမ်းဆီး သတ်ညှစ်ပါမည်။'' ဟု ဗိုလ်မှူး,တပ်မှူးတို့ လျှောက်ထားကြကုန်၏။ ထိုနေ့မှ စ၍ မျက်နှာတော်ကို မော်၍ပင် မကြည့်ဝံ့ကုန်။

မွန်တို့လည်း အရှေ့မျက်နှာကချည်း တစ်စုတည်းစည်းကြပ်လျက် ဝန်းရံကြကုန်၏။ တပ်ထားတပ်နေ အသင့်အတင့်စီရင်ပြီးလျှင်၊ အရှေ့မျက်နှာက ညဉ့်အခါ ကျုံးထဲသို့ ဆင်း၍ သေနတ်မီးပေါက် ဖြော်ဖြောလွှတ်လျက် တပ်


mgyoe.com

mgyoe.com SAMPLE BOOK

တက်လာသည်ကို တပ်တွင်းက လုံးခုတ်သောကြောင့် မတက်နိုင်လျှင်၊ ဆုတ်ခွာ၍ နေလေ၏။ ဤကဲ့သို့ ၃ကြိမ်-၄ကြိမ် တက်လာသော်လည်း တပ်စီးတပ်နင်းတို့ မြဲမြံလုံခြုံသောကြောင့် မရနိုင်။

တိုး၍ မရနိုင်လျှင်၊ ရဲရောင်မြန်မာ လူကောင်း ၅၀၀ ရွေးပြီးလျှင် အရှေ့တောင်ထောင့်က ပုန်းကွယ်နေစေ၍၊ အရှေ့မျက်နှာကျုံးထဲက နေ့တိုင်းကဲ့သို့ ကြော်ငြာစေ၍၊ ညဥ့် ၂ ချက် တီးကျော်တွင် အရှေ့တောင်ထောင့်က မွန်သူရဲ ၅၀၀ သားတို့သည် တစ်ဟုန်တည်း တပ်သို့ ကပ်လျှင် တပ်စီးတပ်နင်းတို့ ဆင်းပြေးကုန်သဖြင့် မွန် ၅၀ ခန့် တပ်တွင်းသို့ ဝင်မိလေ၏။ ထိုအခါ မြင်းလျင်တပ်တွင် 'ကျော်စံ' ဆိုသူ ကွပ်၍တိုက်လျှင် မွန်တို့ ထွက်ပြေးလေ၏။ ၂၀ ကျော်လည်း သေလေ၏။

သန်လျင်ဝန်လည်း 'အနောက်တောင်ကတပ်ကို မီးတိုက်မည်။' ကောက်ရိုးအပြည့်တင်၍ လှည်းနှင့် ညဥ့်အခါ ကပ်လာသည်ကိုလည်း၊ တပ်စီးသူရဲတို့ တပ်ကို မရောက်ခင် မီးရှူးစည်းနှင့် လှမ်း၍ တို့လျှင်၊ ကောက်ရိုးကို မီးလောင်၍၊ မီးရောင်တွင်မြင်သော မွန်တို့ကို သေနတ်နှင့်ပစ်၍ အများသေလေ၏။ သန်လျင်ဝန်လည်း ကျည်စေ့သင့်၍ ဆုံးလေ၏။

ထိုသို့ သေဖန်များသဖြင့် တပ်သို့ မချဉ်းဝံ့။ အဝေးကသာ ရံ၍နေကြလေ၏။

ကျွန်တော်မျိုးတစ်စုလည်း ''ယခုပင်ထွက်၍ တိုက်ပါရစေ။ မွန်တို့လက်ရည်ကို ကျွန်တော်တို့ သိရပြီ။ ကျွန်တော်တို့လက်တွင် ခံနိုင်မည် မဟုတ်ပါ။'' လျှောက်ကြသည်ကို အလောင်းဘုရားလည်း ''သင်းတို့ ရိက္ခာမျိုးစေ့ အနည်းငယ်ပါသည်။ မျိုးရိက္ခာလည်း ပြတ်စေဦး။ ရေမိုးလည်း ငတ်စေဦး။'' မိန့်တော်မူ၍၊ မွန်တို့ ရောက်သည်နေ့မှသည် ၉ ရက်မြောက်သည့်နေ့-တပ်တွင်း၌ တပ်စီးတပ်နင်းတို့ကို လုံခြုံအောင် ခန့်ထားစီရင်ပြီးလျှင် တပ်အရှေ့မြောက်ထောင့်ကသည် အရှေ့တောင်ထောင့်တိုင်အောင် စစ်မျက်နှာဖြန့်၍ နေရ၏။


mgyoe.com

SAMPLE BOOK


မွန်တို့က စစ်ရေးငင်လာသော်လည်း အပါးသို့ရောက်၍ မှန်လောက်သော်မှ ပစ်ခတ်ရ၏။ အသက်အသံ မပြုရ။ သူက ကြော်ငြာဟစ်ကြွေးသော်လည်း အတု မမူရ။ ကျောက်စာတိုင်ကဲ့သို့ ပုဆစ်ကြည်းကာ နေကြရ၏။

အလောင်းဘုရားလည်း နေ့ ၂ ချက်တီးကျော် ၂ မောင်းတွင် အရှေ့မျက်နှာ မင်္ဂလာတံခါးက ထွက်တော်မူလျှင် ကောင်းကင်က စွန်ရဲတစ်ခုကို သိမ်းငှက်ထိုး၍၊ ရှေ့တော်၌ကျလာသည့် နိမိတ်ကို မြင်တော်မူ၍၊ "ယနေ့ပင် အင်္ဂါနံဖြစ်သော မွန်တို့ကို သောကြာနံဖြစ်သော ငါအလောင်းဘုရား အောင်မြင်တော့မည်။" ဟု ဖတ်တော်မူ၍ အောင်စည်, အောင်မောင်း ခတ်တော်မူလေလျှင်၊ ဗိုလ်မှူး, တပ်မှူး, သူရဲ, သူခက် တစ်ယောက်မကျန် တစ်သွန်တည်းထ၍ လိုက်ကုန်သဖြင့်၊ မွန်အလုံး ကစဲကရဲ အဆီးအတားမရှိ ဖြန်းဖြန်းပြို၍ ပြေးလွှားကုန်၏။ မြို့စောင့်နတ်ကြီး ၄ပါးလည်း မြင်း ၄ စီးယောင်ဆောင်၍၊ စစ်ကိုင်းတိုင်အောင်လိုက်၍ ခြောက်လှန့်သောကြောင့် စစ်ကိုင်းတွင်မျှ မနေဝံ့။ မြစ်တောင်ဘက်သို့ ကူး၍ ပြေးကြလေ၏။

လက်နက်ထိခိုက်၍ သေသည်ကား ၁၀၀၀ ကျော် ရှိမည်။ လမ်းခရီးတွင် ရေငတ်၍ သေလေသည်လည်း များ၏။ မြင်း ၅၀, သေနတ် ၁၀၀၀ ကျော် ရလိုက်၏။

## မွန်တို့ ချီတက်လာပြန်ခြင်း

တလပန်းလည်း "မူဆိုးဘိုကို မရသမျှ ငါတို့ပြည်သို့ မပြန်ပြီ။ 'ဆီးပင်ကိုခုတ်သော် ဆီးငုတ် မကျန်ရာ။' ဆိုသကဲ့သို့ ရန်စရန်ကြွင်း မထားရာ။ မူဆိုးဘိုတပ်တွင် ပုခက်တွင်းမျှ မလွတ်ရအောင် အကုန်အစင်သတ်ညှစ်ရမည်။" ဟု အဲကံကောင်းကို ဗိုလ်မှူး ခန့်၍၊ သေနတ် ၁ သောင်း, မြင်း ၅၀၀, ဗိုလ် ၁ သောင်း ၅ ထောင်၊ ကောလင်း-ဝန်းသိုမြောက်ဘက်တစ်ပြင် ငါးစို့တစ်ခွင် ခင်ဦးစား လက်ျာပုံ့ချီတို့နှင့် အားသစ်ပြန်၍၊


mgyoe.com

ထိုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့[၁]။ မြို့မြောက် မြောင်ဝန်းအရပ်က တပ်နှင့်နေလာသည်ကို ၄ ရက်ခန့် ဆိုင်းလင့်ရပ်နေစေ၍၊

"ငါကိုယ်တော်ပင် ထွက်၍တိုက်မည်။"မိန့်တော်မူသည်ကို ကျွန်တော်မျိုးတစ်စုက "မွန်တို့လက်ရည်ကိုလည်း ကျွန်တော်တို့ သိရပြီ။ ကျွန်တော်တို့ လက်ရည်ကိုလည်း မွန်တို့ သိလေကြပြီ။ ကျွန်တော်တို့ တပ်မှူးချင်းသာ တိုက်ဖက်တန်ပါသည်။" ဟု လျှောက်၍၊

ဝါဆိုလဆန်း ၉ ရက်နေ့[၂]။ ထွက်၍တိုက်စေလျှင်၊ မွန်တို့လည်း ရွှံ့ကြောက်ရင်းရှိသည်တွင် စစ်မျက်နှာပြကာမျှနှင့် ထွက်ပြေးလေ၍ မွန် ၅၀၀ ကျော် သေလေ၏။

"ကတူး၊ ဗမာ၊ ရှမ်းယွန်းတို့ စားသွားနိုးရာ ပါရလေသည်။ လက်လွန်မိသည်ကိုသာ လွန်စေ။"

အမှာတော်ရှိ၍၊ သိမြင်လျက်နှင့် မသတ်ရ။

မွန်သို့မဝင် တောအုံတောင်ကမ်း ပုန်းလွှဲရှောင်ရှား၍ နေသူတို့ကိုလည်း သွေးငင်ဆောင်ကြဉ်း၍ မျိုးရိက္ခာနှင့် ရပ်စုရပ်ကွက် ချထားတော်မူ၏။

## လက်ျာပုံ့ချီထံ စာစေခြင်း

ပဲကူးမင်းလည်း 'အင်းဝမှာ အစောင့်အနေခန့်သော တလပန်းသည် မြန်မာတို့ကို မွန်ဆံ မဖြတ်ရ။ မြန်မာဆံ ထားစေ၍ မြန်မာကိုသာ စေပါးသုံးစွဲသည်။'-ကြားသောကြောင့် ပဲကူးသို့ ခေါ်၍၊ တလပန်းအစား ရွှေခွန်ဝန်ကို အင်းဝမြို့စောင့် ထား၏။

"ခင်ဦးစား 'လက်ျာပုံ့ချီ' ဆိုသူနှင့် တိုင်ပင်ပေါင်းယှက်၍ အရပ်ကို သိမ်းရုံးလေ။" ဟု မှာလိုက်၏။

'လက်ျာပုံ့ချီ' ခံ ငချစ်ညို ကား ဆင်စီး၊မြင်းစီး ပြွမ်းတီး၏။ စားရေး၊ လွှားရေး ကျွမ်းကျင်၏။ လေးပစ်၊ လှံထိုး အတတ်မျိုး စုံ၏။ အပြီးအစီး

---

၁။ ခရစ်နှစ် ၁၇၅၂ ဇွန်လ ၄ ရက်
၂။ ခရစ်နှစ် ၁၇၅၂ ဇွန်လ ၈ ရက်

mgyoe.com

mgyoe.com SAMPLE BOOK

အကွယ်အကာ လုံခြုံ၏။ တစ်ယောက်ချင်းကို မဆိုထားဘိ။ ထောင်ပုံရာပုံကို သော်လည်း မြင်းစီးချင်းနှင့်သာ ဝင်၍ ဖျက်နိုင်၏။ ရဲစွမ်းသတ္တိ ရှိ၏။ စစ်ရိပ် စစ်ခြည် နားလည်၏။

ထိုသို့သောအစွမ်းသတ္တိကို သိတော်မူ၍ စေလိုက်သည်ကား
'အလောင်းမင်းတရားကြားရောက်သည် ခင်ဦးစားလက်ျာပုံချို။
ဗမာလူမျိုးဖြစ်လျက် 'မွန်ကျွန်ခံမည်' ကြံသည်မှာ မသင့်။
မင်းမာသည် လက်ရုံးရည်လည်း ရှိပေသည်။ သူရဲကောင်း
လည်း မှန်ပေသည်။ ငါကဲ့သို့ ဘုန်း,ပညာ,အာဏာစက်သို့
မစုံမလင်။ ငါသို့ဝင်စားလာသော် စစ်သူကြီးအရာနှင့် သူ
ကောင်းပြုတော်မူမည်။ ငါ့သူရဲကောင်းတို့နှင့် နောင်တွေ့
ကြ၍ လက်ခြေလွှန်လေသော် 'သူကောင်း'ဆိုသည်နှင့်မညီ
ရှိတော့မည်။' ဟု စေတော်မူလိုက်၏။

ငချစ်ညိုလည်း ရှေးအထက်ကပင် ခိုက်စရန်စ ရှိကြဖူးသည်နှင့် 'ငါဝင် စားသော်လည်း အရှင် မထားပေ။' ဟု မဝင်ဝံ့ရှိ၍၊ ''ဗမာချင်းကို ရှိမခိုးလို။ မွန်ကိုသာ ရှိခိုးတော့မည်။''ဟု ဆိုလိုက်၏။

## ခင်ဦးရွာကို တိုက်ခိုက်ခြင်း

ငချစ်ညိုစကားကို ကြားတော်မူလျှင် အမျက်တော်ရှိ၍၊ ''ယခုပင် ခင်ဦး ရွာကို မီးတိုက်ချေ။ မီးကိုမြင်လျှင် ငါ ချီတော်မူလာမည်။'' ဟု မြင်း ၅၀, သေနတ် ၁၀၀, လူ ၃၀၀ နှင့် သေနတ်ဝန်မင်းကျော်ပုံချိုကို ဗိုလ်မှူးခန့်၍ ချီသွားရသည်။

ညဥ့် ၃ ချက်တီးချိန်ရောက်၍ တပ်ကိုတက်လျှင်၊ တပ်စီးတို့ သိ၍ ထိုးခုတ်သည်နှင့်၊ တပ်ကို မတက်နိုင်သောကြောင့် တပ်ပြင်တွင်ရှိသော ကျောင်းကို မီးတိုက်၍ ဆုတ်ခဲ့ရချေ၏။


mgyoe.com

 mgyoe.com SAMPLE BOOK 

အလောင်းမင်းတရားလည်း ခင်ဦးက မီးကိုမြင်လျှင် 'ခင်ဦးကို အလိုတော်ပြည့်ပြီ။' ထင်မှတ်တော်မူ၍ လူကြီးမဆို လူအိုစုနှင့် နှဲ၊ ခရာ၊ ဗြောစည်တီးလျက် ချီတော်မူရာ၊ စည်သာဝမြောက်တွင် ငချစ်ညို ထွက်၍ လိုက်သောကြောင့် ပရမ်းပတာပြေးလာသော ရဲမက်တော်တို့နှင့် တွေ့၍ အကြောင်းမျိုးကို လျှောက်လျှင်၊ အမျက်တော်ထွက်၍၊

"နင်တို့ သူရဲကောင်းပြုသမျှ တစ်စုလုံး အသွမ်းချည်း။ ပြည်စိုးကျွန်တောရောက်ကာလူစု ဖြစ်သည်။ လူအိုစုနှင့်သာ ငါ တိုက်တော်မူမည်။ နင်တို့ တစ်စုမှာ ထမင်းအိုးထမ်း၍ နောက်က လိုက်ကြရမည်။"

မိန့်တော်မူ၍ ချီသည်နှင့်၊ ငချစ်ညိုလည်း တပ်သို့ မပြန်ဘဲ မြင်း၊ သေနတ်အများဝန်းရံလျက် ချီလာသည်နှင့် ဆိုင်မိကြ၍ ပစ်ခတ်ထိုးခုတ်ကြလျှင်၊ စစ်သည်တော်များလည်း အခြားတစ်ပါး ကွဲပြားကြသည်ကို မစည်းရုံးခင်၍ ဆုတ်တော်မူရချေ၏။ စည်ဗြောတို့ကိုလည်း သူ ရလေ၏။

ဆုတ်တော်မူခဲ့၍ ငါးရာတွင်းခန့် ရောက်လျှင် ကျွန်တော်မျိုးတို့ အရောက်ညီအောင် ဆိုင်းလင့်တော်မူလျက်၊ အလျင်လိုပ်လည်းနှင့်သည့် စစ်သည်သူရဲ၊ မြင်း၊ သေနတ်သားတို့ကို အမျက်တော်သွင်း၍ မောင်းမဲခြိမ်းခြောက်လျက် နေတော်မူစဉ်၊

'အနန္တနော' ဆိုသူ လူအိုတစ်ယောက် နောက်မှ မြင်းတစ်စီးနှင့် ရောက်လာ၍၊ "အနန္တနောကား 'သေရစ်လေပြီ' မှတ်ကြသည်။ ပေါ်လာပေသေးသည်။" ဟု ဆိုနှင့်ကြသည်ကို "ကျွန်ုပ်လည်း မြင်းစီးမတတ် တုန်တုန်ခိုက်ခိုက်နှင့် မြင်းထက်က ကျမည်ရှိခိုက် ငချစ်ညိုကျေးဇူးရှင် လှံရှင်နှင့်လွတ်လိုက်၍ ခြေနှင့် မြင်းကတောင်[၁] မိလျက် ရှိပေသောကြောင့် မြင်းထက်ကမကျဘဲ ရွှေစက်တော်အောက် ရောက်ရပေသည်။" ဆိုသည်ကို မျက်နှာတော်လွှဲ၍ ပြုံးသော ဟူ၏။

---

၁။ မြင်းကတောင် = မြင်းကာ၏ ဘေးတစ်ဖက်တစ်ချက်တွင် ချိတ်ဆွဲထားသောမြင်းကာ၏ အစိတ်အပိုင်း။

mgyoe.com

mgyoe.com
SAMPLE BOOK

ရှုံးမိသမျှသောရဲမက်တော်တို့နှင့် ပြန်လည်တော်မူခဲ့၍၊ နေဝင်မှ ရွှေမြို့တော်သို့ ရောက်၏။

## ရွှေတောင်စား ထွက်ပြေးခြင်း

အင်းဝပျက်ရာတွင် အင်းဝဘုရင်သား ရွှေတောင်စားလည်း မယားမင်းထိပ်ပန်ကို ယူ၍ တစ်ကိုယ်ထီးသာ ရောက်လာသည်ကို သိမ်းပိုက်မွေးကျွေးပြုစုထားရာက၊ ယင်းသည့်နေ့တွင် ကျေးဟောင်းကျွန်ဟောင်းတို့ ယူဆောင်သွား၍ မယားနှင့်တကွ ကွေ့ထဲသို့ ပြေးဝင်လေ၏။ လိုက်စေသော်လည်း မမိလိုက်ချေ။

'ဒီပဲယင်းမြို့မြောက် ရွှေပေါင်းလောင်းအရပ်၌ တပ်အခိုင်အဖြိုးနှင့် မွန် ၅၀၀၀ နေကြောင်း' ကို ကြားတော်မူ၍၊ နေမျိုးရွှေတောင်ကို ဗိုလ်မှူးခန့်၍ လက်နက်ကိုင်လူ ၁၀၀၀ နှင့် ချီစေသည်။

ရောက်လျှင် တပ်သို့ ချဉ်း၍ လုပ်ကြံမည်ကို မွန်တို့က လူနည်းမှန်းသိ၍၊ မြင်း ၁၀၀ ကျော်နှင့် တပ်ကထွက်၍ တိုက်လျှင် ရဲမက်တော်တို့ ရှေ့ချေ၏။

တစ်တိုင်ကျော်ခန့်ရောက်မှ စည်းရုံးပြန်၍၊ "ငါတို့မှာသာ အသက်ရှိသည် မဟုတ်။ သင်းတို့မှာလည်း အသက်နှင့်ချည်း။ ငါတို့ကြောက်သကဲ့သို့ သင်းတို့လည်း ကြောက်ပါလိမ့်မည်။ ဒကာတစ်ဦးနှင့် ဘုန်းကြီးတစ်ပါး လက်သည်း ထစ်ကြရာ ဒကာ လူရေနှင့် နိုင်ဖူးလေသည်။-ဟူသကဲ့သို့ ယနေ့ တစ်ည ဆိုင်းလင့် ရပ်တန့်ဦးမည်။"ဆို၍၊ တပ်ရင်းသို့ ချဉ်း၍ ရုံပြန်ရာတွင်၊ 'မြန်မာတို့ပျက်၍ ပြေးလေပြီးမှ၊ ချဉ်း၍ ရုံလာပြန်သည်။ နောက်ထပ် စစ်ကူ ရောက်လာသည်။' အမှတ်ရှိ၍၊ ညဥ့်ကို ထွက်ပြေးလေ၍၊ မိုးသောက်လျှင်


mgyoe.com

mgyoe.com SAMPLE BOOK

ကျန်ရစ်သည့် မြင်း၊ သေနတ်၊ လူသူ၊ ကျွဲ၊ နွား၊ စပါးဆန်ရေတို့ကို သိမ်း၍ ပြန်ခဲ့ရ၏။

အလောင်းမင်းတရားလည်း 'ငါတို့နည်းပင် သင်းတို့ ကြောက်ပါလိမ့်မည်။' ဟူသော နေမျိုးရွှေတောင်စကားကို ကြားလိုက်တော်မူလျှင် အလွန်ရယ်တော်မူ၍၊ "စစ်သော်ကား အောင်ပေ၏။ နောင် ရာဇဝင် ထိုးရစ်ချေမည်။ စစ်သူကြီးတို့သဘောသည် စစ်သည်တို့နှလုံးကို ခံ့အောင်သာ ရဲဆေးတင်ရမည် လျက် ရဲမက်တို့စိတ်ကို ခြွဘိသကဲ့သို့[၁] ဘုန်းကြီးလက်သည်းထစ်နှင့် ကြောက်သံပေး၍ ဆိုလေသည်။" ဟု မိန့်တော်မူ၏။

## ခင်ဦးစား စီးချင်းတိုက်ခြင်း

ခင်ဦးစားငချစ်ညိုလည်း တပ်ရင်းသို့ ချဉ်း၍သော်လည်း မလုပ်မကြံ။ အနီးအပါးသို့လာ၍ ချက်တဖြုတ် ကျွဲ၊နွားကို သိမ်းယူလာသောကြောင့် 'သေနတ်ဝန်နှင့် မြင်း ၂၀၊ သူရိန်ဒေဝနှင့် သေနတ်လက်ကောင်း ၇၅ ခင်ဦးအပါးသို့ ကျွဲ၊နွား လိုက်ချေ။' လွှတ်လိုက်၍ သွားကြလေသော်၊ သေနတ်သမားတို့ကို ခင်ဦးအရှေ့ ၂ တိုင်ခန့်ကွာ ကျွန်းချောင်းအရပ်၌ ထားခဲ့၍၊ မြင်း ၂၀ သားတို့ တပ်ပါးသို့ ချဉ်း၍ ကျွဲ၊ နွားတို့ကို လိုက်ခဲ့သည်နှင့်၊ ငချစ်ညို မြင်း ၂၀၊ သေနတ်လုလင် ခြေလျင် ၃၀၀ လောက်နှင့် လိုက်ထပ်လာ၏။

ငချစ်ညိုအစ်ကို ငချစ်ဝ မြင်း ၃ စီးနှင့် ရှေ့လွှန်၍ လိုက်လာလေသည်ကို သေနတ်နှင့်ပစ်၍ ကျလျှင်၊ ခေါင်းကို ဖြတ်၍ယူကြ၏။

ယင်းသို့စဉ်တွင် ငချစ်ညို မီလာ၍၊

"သေနတ်လုလင် ခြေလျင်သမားတို့ ပွဲကြည့်၍သာ နေပါရစေ။ ငါနှင့် မြင်းစီးချင်း ကစားကြမည်။ ယောကျ်ားကောင်း ထွက်ခဲ့စေ။"

---

[၁]။ 'ချဘိသကဲ့သို့' လေလား။ ရေးပုံနှိပ်မူများပါသည့်အတိုင်း ပြန်ရိုက်သည်။ 'ခြွ'၌ ပေါ်ရာဏာအနက် မရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

ငချစ်ညိုဆိုလျှင် မင်းကျော်ဇညား ထွက်သည်ကို

''ငမြတ်ထွန်း[၁]နှင့် ငါနှင့် တိုက်ဖက်မတန်။ ငါ့လုံသာ သွေးစွန်းတော့မည်။'' ဆိုသဖြင့်၊

မူဆိုးချုံဗိုလ် မင်းလှရွှေတောင် ထွက်ပြန်သည်ကိုလည်း

''ငထွန်းငယ်[၂]။ ငါ့လူစွမ်းကို စေ့ငုံကိုင်မှာ နေကြစဉ်ပင် နင်အသိဖြစ်သည်။ ငါ နင့်ကို ဖက်မတန်။'' ဆိုပြန်၍၊

ယင်းမကန်ဗိုလ်, ယင်းပါဗိုလ်တို့ မြင်း ၂၀ သား အသီးသီး ထွက်ကြသည်ကိုလည်း

''မဖက်မပြိုင်လို။ 'သေနတ်ဝန်' ဆိုသူသာ ထွက်လာစေ။'' ဆို၍၊ သေနတ်ဝန် ထွက်ရာတွင်မှ

''သည်ခါ ယောက်ျားကောင်းချင်း တွေ့ရတော့မည်။ ကိုယ်တို့မှာ ပွဲကြည့်၍သာနေ။ သေနတ်ဝန်နှင့် ငါနှင့် တန်စေ။''

ကြုံးဝါးသံပ၍၊ မြင်းကို အကုန်လွှတ်၍၊ ခြေတစ်ဖက်ထောက်လျက် ရပ်၍ စီးသည်။ ပက်လက်အိပ်၍ စီးသည်။ ထက်ဝယ်ဖွဲ့လျက် စီးသည်။ မြင်းနံပါး၌ ကပ်လျက် စီးသည်။ လှံကို လက်ဝဲ, လက်ယာ ဘယ်ညာလျှင်းပြီး စီးသည်။ သေနတ်ဝန်မှုကား လှံမဖြင့် ချိန်ဆကာနေ၏။

ငချစ်ညိုလည်း စီးနင်းအထွေထွေ ပြပြီးလျှင် လှံရှင်နှင့် လွှတ်လိုက်သည်။ သေနတ်ဝန်လှံရိုးကို ခတ်မိချေ၏။

သေနတ်ဝန်လုလင်တို့ ထ၍ သေနတ်စဉ်ကြသည်ကို မြင်လျှင် ငချစ်ညို ပြန်သွားလေ၏။

ကျွန်တော်မျိုးတို့လည်း အချိန်တန်သည်နှင့် ပြန်လည်ကြ၍ ငချစ်ဝခေါင်းကို ဆက်လျှင်၊ အားရတော်မူ၍ သေနတ်လုလင်တို့ကို ဆုလာဘ် သနားတော်မူ၏။

---

၁။ ငမြတ်ထွန်းသည် 'မင်းကျော်ဇညား'ဘွဲ့ခံသူ၏ငယ်မည်။
၂။ ငထွန်းငယ်သည် 'မင်းလှရွှေတောင်'ဘွဲ့ခံသူ၏ငယ်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်းဝအမှုထမ်းရာဇာဓိရာဇ်လည်း အင်းဝပျက်လျှင် မွန်သို့ မဝင်။ ဆင် ၅၀, မြင်း ၁၀၀၀, လူ ၁ သောင်းခန့်နှင့် ရွာသစ်ကြီးက ထွက်ခဲ့၍ မူး အနောက်ဘက် ရေဦးအရပ်တွင် နေလာသည်ကို 'ငါသို့ဝင်ခဲ့ရမည်။' ခေါ်တော်မူသည်ကိုလည်း မဝင်ဝံ့။ ထိုတွင်လည်း မနေဝံ့၍၊ မြေဒူးမြို့ အနောက်မြောက် အင်တိုင်းရွာတွင် တပ်ခိုင်တည်၍ နေလေ၏။

သာစည်အောင်သလေးလည်း သားမယားနှင့် ရာဇာဓိရာဇ်တပ်သို့ ဝင်လေ၏။

## ရွာသစ်နှင့် ညောင်လှမွန်တပ်ကို တိုက်ဖျက်ခြင်း

ထိုနှစ် သီတင်းကျွတ်လ[၁] တွင် အင်းဝမြို့စောင့်ရွှေခွန်ဝန်က

''မူဆိုးဘိုမင်းသည် ထန်းလုံးတပ်ကို သံမြို့မှတ်၍ လူ ၂၀၀၀-၃၀၀၀ နှင့်နေသည်မှာ ငါးစို့တစ်ခွင် ခင်ဦးစားတို့လည်း မြောက်က ရံစေမည်။ အဲနရဲ, အဲကံကောင်းတို့လည်း ကျောက်မြောင်းတိုင် ဆန်တက်၍ အရှေ့က ရံစေမည်။ ဖိပ်ဖြဲ,သမိန်လွတ်တို့လည်း အနောက်က ရံစေမည်။ ငါမူကား ပိုက်သီဟ, ပိုက်ကမြင်တို့နှင့် စစ်ကိုင်းသို့ ကူး၍ တောင်က ရံမည်။ မူဆိုးဘိုသည် ငှက်မူ၍ ကောင်းကင်သို့ ပျံနိုင်မည်လော။'' ဟု စီမံခန့်ထားကြောင်းကို ကြားတော်မူ၍၊

''ရွာသစ်ကြီးသည် မွန်တို့အခြေ ဖြစ်သည်။''

အခြေမပြခင် သေနတ်ဝန်, မင်းလှရွှေတောင်တို့ကို စေတော်မူ၍ ရွာသစ်ကြီးကို ဖျက်ရ၏။

ထိုအခိုက် ရွှေခွန်ဝန်က ဖိပ်ဖြဲ ၁ တပ်, သမိန်လွတ် ၁ တပ်, သမိန်သံလိုက် ၁ တပ်, ရဲခေါင်စံကျော် ၁ တပ်။ သေနတ် ၅၀၀, မြင်း ၃၀၀, လူ ၅၅၀၀တို့နှင့် မူးအနောက်ဘက် ညောင်လှအရပ်မှာ တပ်တည်၍ နေလာ၏။

ကျွန်တော်မျိုးတစ်စုက ''တပ်မပြီးခင် အလျင်သွား၍ ညောင်လှကို တိုက်ပါစေ။'' လျှောက်သည်ကို 'ရွာသစ်ကြီးသို့ လူကောင်းရှိသမျှ ပါလေသောကြောင့် အရေးလစ်မည်။' ကို မြင်တော်မူ၍၊ ''တပ်မတည်ခင်သောကြောင့်သာ

---
၁။ ခရစ်နှစ် ၁၇၅၂ ခု စက်တင်ဘာလ

mgyoe.com

ပျက်ရသည်။-မွန်တို့ ဆိုလေတော့မည်။ တပ်ဖြီးတပ်ခိုင်တည်၍ ပြီးစေဦး။'' ဟု ရာဇပရိယာယ်ဖြင့် မိန့်တော်မူ၏။

'သေနတ်ဝန်တို့ ရွာသစ်ကြီးက ပြန်ရောက်ကြောင်း' ကို လျှောက်လျှင် ''သင်းတို့မှာ တပ် မြဲမြံခိုင်လုံချိန် တန်ပြီ။ ချီလေတော့။'' အမိန့်တော်ရှိ၍၊ လူ ၁၅၀၀ ချီ၍ တိုက်လျှင်၊ ဖိပ်ဖြဲ, သမိန်လွတ်, ရဲခေါင်စံကျော်တို့မှုကား မြင်းစီး၍ ပြေးခင်လေသောကြောင့် လွတ်လေ၏။ သမိန်သံလိုက်မှုကား သေလေ၏။ မြင်း ၂၀, သေနတ် ၁၀၀, လူ ၃၀၀ လည်း ရလိုက်၏။ သေလေသည် လည်း များ၏။

## အလောင်းမင်းတရားနှင့် ခင်ဦးစားချေစ်ညို စစ်ပြိုင်ခြင်း

မူးရိုးတစ်လျှောက် အောက်တစ်ခွင်နေသော မွန်, မြောက်ဘက်တစ်လွှား ရောက်လာနှင့်သော မွန်တို့လည်း 'ညောင်လှတပ် ပျက်ကြောင်း'ကိုကြားလျှင်၊

''ရွာသစ်ကြီးတပ်ကိုလည်း သူကတိုက်နှင့်၍ ပျက်ချေပြီ။ သူ့ကို ရံမည်သာ ငါတို့လာကြသည်။ သူ့ကိုကား မရံရဘဲ သူက ငါတို့ကို ရံပြန်လတ္တံ့။'' ဟု အင်းဝသို့ချည်း ပြန်လေ၏။

ထိုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့။[၁] မြင်းသေနတ်ရှိသမျှနှင့် အားသစ်တော်မူ၍ ခင်ဦးသို့ ချီတော်မူသည်။ ရောက်လျှင် ကိုယ်တော်မြတ်မူကား ခင်ဦးအရှေ့ အင်ကြင်းကုန်းက ရံတော်မူသည်။ နောင်တော်ကြီးမူကား တောင်မျက်နှာက တက်ရသည်။

ချေစ်ညိုလည်း အလောင်းမင်းတရားရှိရာ ရှေ့မျက်နှာသို့ မြင်းနှင့် ထွက်လာသည်ကို သူရိန်ဒေဝ သေနတ်နှင့် ပစ်သည်။ မြင်းကိုမှန်၍ လဲလျှင်၊ တပ်တွင်းသို့ ဝင်၍၊ မြင်းတစ်စီးနှင့် ထွက်လာသည်ကိုလည်း သူရိန်ဒေဝ သေနတ်နှင့် ပစ်လှဲ၍၊ နောက်တစ်ကြိမ်တွင် မြင်းစိုင်လျှော်ဖြူ[၂] နှင့် သေနတ်ရှိရာ

---

၁။ ခရစ်နှစ် ၁၇၅၂ အောက်တိုဘာလ ၁၁ ရက်

၂။ မြင်းစိုင်လျှော်ဖြူ = အနီရောင်နှင့် အဖြူကျားမြင်း။ စိုင်လျှော် = အနီရောင်။

mgyoe.com

သို့မဝင်။ မြင်းစုရှိရာသို့ ဝင်လျှင် မြင်းသည်တော်တို့ အစုစုကွဲ၍ ပရမ်းပတာ ရှိချေ၏။

အလောင်းဘုရားလည်း ဆုတ်ခွာရချေ၏။ တောင်မျက်နှာက တက်သည့် နောင်တော်ကြီးလည်း မြင်းက ဆင်း၍ စစ်ကွပ်ချေသောကြောင့်၊ တပ်ဆုတ် ရာတွင် သူ့လက်သို့ရောက်၍ ဆုံးချေ၏။

ငချစ်ညိုလည်း တပ်ဆုတ်သည်ကို လိုက်၍မီလာလျှင်

"နင်လည်း ငချစ်ညို၊ ငါလည်း အလောင်းမင်း။ နင့်ကိုသာ ငါလိုလှ၏။ နင် ယောက်ျားကောင်းတပဲ မှန်သော် ငါသို့ ချဉ်းခဲ့။" ဟု ဓားလက်စွဲကာ ကြိမ်းဝါး သံပလျက် နေတော်မူ၏။

ငချစ်ညိုလည်း အပါးသို့ မချဉ်းဝံ့။ မနီးမကွာက နေ၏။

ယင်းသို့စဉ်တွင်၊ တောင်မျက်နှာက သေနတ်လုလင်စု ရောက်လာ၍ ငချစ်ညို ဆုတ်ခွာလေ၏။

အလောင်းမင်းတရားလည်း သူရဲ,သူခက် ရဲမက်တော်တို့က သိမ်းရုံး၍ ပြန်တော်မူခဲ့၏။

ငချစ်ညိုလည်း "မူဆိုးဘိုသားတို့သည် နောက်ဓားကိုသာ ဓားမှတ်သည်။ ရှေ့ဓားကို ဓားမမှတ်ချေ။ ဘီလူးသဘက်နှင့်အတူ။ နောင်အားဆည်း၍ လာ ပြန်ချေသော် အရေးခက်ချေမည်။ သူမရောက်ခင် အကူရှာနှင့်ရသော် သင့် မည်။"

အကြံရှိ၍ အင်းဝမြို့စောင့်ရွှေခွန်ဝန်မှာ မွန် ၃၀၀၀ တောင်း၍၊ တပ်အရှေ့က ၂တပ်၊ ခင်ဦးနှင့်သော် ၃ တပ်၊ ရန်သူ အဝင်ခက်အောင် ခုံလောက် ၃ လုံးဆိုင် တပ်တည်ရ၏။



mgyoe.com

mgyoe.com SAMPLE BOOK

## ခင်ဦးတပ် ပြိုပျက်ခြင်း

အလောင်းမင်းတရားလည်း

"ခင်ဦးသို့ အကြိမ်ကြိမ်ချီ၍ လုပ်ကြံသည်။ ချေစ်ညှိထွက်လျှင် ငါတို့က မရပ်မခံနိုင်။ ပျက်ရချေသည်။ သည်တစ်ခါသော် မြင်းသည်လည်း မြင်းနှင့် တပ်ရင်းသို့ ကပ်။ ပုဆိန်သမား၊ ဓားသမားလည်း တပ်တိုင်ကို ဖြတ်။ တူးရွင်း သမားတို့လည်း တူးရွင်းနှင့် တပ်တိုင်ကို တူး။ လှေကားသမားလည်း လှေကား ထောင်၍ တက်။ နောက်သို့ ပြန်လည်၍ ကြည့်သော် ငါ့ညီ၊ ငါ့သားပင် ဖြစ်သော်လည်း ကွပ်။ အခါတစ်ပါးကို မနှုန်းနှင့်။ အမှုကုံတွင်အောင် ထမ်း။

"ချေစ်ညှိညီ ချေစ်မြ၊ အဖလေးတို့ကို အရှင်ယူခဲ့။ မွန် ၂ တပ် ရှိသည်။" ဆိုသည်။ မွန်တပ်မှာ ယာယီ။ ခင်ဦးသာ နဂို ဖြစ်သည်။ ခင်ဦး ပျက်လျှင် မွန်တပ် ပျက်လိမ့်တကား။" ဟု မိန့်တော်မူ၍၊ နတ်တော်လဆန်း ၈ ရက်နေ့[၁] ချီစေ၍၊ မိုးသောက်တံခါးဖွင့်တွင် အနောက်တောင်ထောင့်က တစ်ပြိုင်နက် တပ်ရင်းသို့ ကပ်၍၊ တပ်တိုင်တို့ကို တူးသူတူး၊ တပ်တိုင်တို့ကို ဖြတ်သူ ဖြတ်၊ လှေကားထောင်၍တက်သူ တက်။ သူက ထိုးခုတ်သည်ကို ပမာဏ မမှတ်။

ချေစ်ညှိလည်း ညဥ့်မိုက်ရီတရော်ဖြစ်၍ ပြင်သို့ မထွက်ဝံ့။ တပ်တွင်း ကသာ ကွပ်ညှပ်ဆော်ဖန်၍ နေ၏။

နောင်တော် စည်သာမင်းကြီးမှူကား မြင်း ၂၀ သားတို့နှင့် တပ်အနောက်သို့ ပတ်၍ မြောက်တံခါးက ဝင်၏။

တပ်စီးတပ်နင်းတို့လည်း 'အနောက်တောင်ထောင့်က သူတက်သည်ကို ဆီးဆို့၍ တိုက်မည်။' ဟု လူ ၃၀၀ ခန့်သာ ထားခဲ့၍ အနောက်တောင်ထောင့်သို့ ချည်း ပြေးလေ၏။

စည်သာမင်းကြီးလည်း တံခါးစောင့်တို့ကို ခြောက်လှန့်၍ တပ်တွင်းသို့ ဝင်မိလျှင်၊ အိမ်ရာတဲကနားတို့ကို မြင်း ၂၀ သား မီးတိုက်သည်နှင့် တပ်ပေါက်၍

---

[၁] ခရစ်နှစ် ၁၇၅၂ ခု နိုဝင်ဘာလ ၁၃ ရက်။

mgyoe.com

ရဲမက်တော်တို့ ဝင်မိလျှင်၊ ငချစ်ညိုလည်း သွေးသားတစ်စုနှင့်သာ ထွက်ပြေးလေ၏။ ဝေလီဝေလင်း နှင်းလည်းမှုန်သည်နှင့် မမိလိုက်ချေ။

ခင်ဦးပျက်လျှင် မွန်တို့တပ်လည်း ပျက်နှင့်လေ၍ သေနတ် ၂၀၀၊ မြင်း ၅၀ တို့၊ ဆန်ရေစပါး၊ ကျွဲ၊ နွား၊ လူသူတို့ကို သိမ်းယူ၍ ပြန်ခဲ့ကြရ၏။

ငချစ်ညိုတို့ သားအဖတစ်စုလည်း ခင်ဦးကထွက်ပြေး၍ ကျွန်းတောကြီး တပ်သို့ ဝင်လေ၏။

## သူရဲကောင်းတို့ကို ဘွဲ့ချီးမြှင့်ခြင်း

နတ်တော်လပြည့်ကျော် ၅ ရက်နေ့။[၁] ဇင်းရွာမှာ မွန်ဣန္ဒဖလကျော်သူနှင့် ဇင်လေးမှူးနှင့် အခိုင်အမာနေကြောင်းကို ကြားတော်မူ၍ ချီစေရာတွင်၊ ခင်ဦးပျက်ရှိန်နှင့် တပ်မှူး ၂ ဦးသားတို့ အလိုက်အလံ မခံဝံ့။ မြင်းစီး၍ ထွက်ပြေးသောကြောင့် ဇင်းတပ်ကို ရလျှင်၊ မြင်း၊ သေနတ်၊ လက်နက်ကိရိယာတို့ကို သိမ်းရုံး၍ ပြန်ခဲ့ကြရ၏။

ရခဲ့သည့်လက်နက်ကိရိယာတို့ကို ဆက်လျှင် အားရတော်မူ၍၊ "သည်အရပ်ပတ်လည်ရှိသမျှ ရန်ဆူးရန်ငြောင့် မရှိပြီ။ ငါသည် ကေရာဇ်မြောက် ထိုက်ပြီ။ ဘွဲ့အသနားတော်မြတ် ခံကြရမည်။"ဟု ဘွဲ့အမည်ခံကြရသည်ကား

ဘွဲ့ဦးရသူ ငပွင့်၊ ငတွန်၊ ငကောင်း၊ ငမြတ်ထွန်းတို့ပြင်၊ ဘွဲ့မရသေးသူ

၁- 'စည်းစိမ်-ရန်လွင့်' ဆိုသူကို မင်းလှစည်သူ။ စည်သာမင်းကြီးမရီးတော် ခင်ပွန်းတည်း။

၂- 'ငပွင့်-ရန်ဆီး' ဆိုသူကို နေမျိုးရွှေတောင်။

၃- 'ချင်းတီး-ရန်ဟန့်' ဆိုသူကို မင်းလှကျော်ထင်။ ဝန်ကြီးတည်း။

၄- 'ငညွန့်-ရန်ရှောင်' ဆိုသူကို မင်းလှကျော်သူ။ ခယ်မတော် ခင်ပွန်း။

၅- 'ငအောင်-ရန်နွေး' ဆိုသူကို သီရိကျော်ထင်။ စစ်ကိုင်းအမှုထမ်း ကောင်းတည်း။

---

၁။ ခရစ်နှစ် ၁၇၅၂ ခု နိုဝင်ဘာလ ၂၅ ရက်။

mgyoe.com

၆- 'ပန်းထွေး-ရန်ဖြို' ဆိုသူကို ဗလကျော်ခေါင်။ ယင်းတောဗိုလ်။
၇- 'ပန်းညို-ရန်လှည်း' ဆိုသူကို နရာသိဃ်ဘွဲ့ကျော်။
၈- 'ငနည်း-ရန်ထွင်' ဆိုသူကို မင်းရဲစည်သူ။ ဘထွေးတော်သားတည်း။
၉- 'ကျော်ထင်-ရန်ဖြတ်' ဆိုသူကို ရန်အောင်သေန။
၁၀- 'ငတုတ်-ရန်ချိုး'
၁၁- 'တုတ်ဖြိုး-ရန်နိုင်' } တို့မှာ မပေါက်မြောက်ခင်လေ။
၁၂- 'တော်အိုင်-ရန်ပယ်' ဆိုသူကို ဣန္ဒဗညား။
၁၃- 'ငဖွယ်-ရန်ဖြတ်' ဆိုသူကို ရန်ခွင်းကျော်။
၁၄- 'ကျော်မှတ်-ရန်နိုင်' ဆိုသူကို ရဲစက်တံခွန်။
၁၅- 'ငလွင်-ရန်ဝေး' ဆိုသူကို ရဲကျော်သူရ။
၁၆- 'ငထွေး-ရန်လို' ဆိုသူကို နန္ဒသီဟ။
၁၇- 'ထွေးညို-ရှေ့လွန်' ဆိုသူမှာ မပေါက်မြောက်ခင်။
၁၈- 'ငထွန်-ရှေ့သွား' ဆိုသူကို မင်းလှရွှေတောင်။
၁၉- 'ခင်ပါး-ရှေ့တည်' ဆိုသူကို ရဲစက်ကျော်ခေါင်။
၂၀- 'ရွှေရည်-ရှေ့ခေါင်း' ဆိုသူကို မင်းကျော်စည်သူ။ ခင်လတ်ဗိုလ်တည်း။
၂၁- 'ငကောင်း-လူကျော်' ဆိုသူကို မင်းကျော်ပျံချီ ဘွဲ့ပေးသည်။
၂၂- 'ငသော်-လူတွင်' ဆိုသူကို နေမျိုးနန္ဒမိတ်။
၂၃- 'ပေါ်ထင်-လူမော်' ဆိုသူကား မပေါက်မြောက်ခင်။
၂၄- 'ပိန်ကျော်-လူလှ' ဆိုသူကို မင်းလှကျော်ခေါင်။ ယင်းပါဗိုလ်။
၂၅- 'သာဝ-ကျော်သည်း' ဆိုသူကား မပေါက်မြောက်ခင်။
၂၆- 'ဆွေနည်း-ကျော်သွေး' ဆိုသူကို မင်းလှငယ်။
၂၇- 'အောင်သလေး-ကျော်ဟိုး' ဆိုသူကို ရဲထင်ပျံချီ။
၂၈- 'ငအိုး-ဆွေတော်' ဆိုသူကို မင်းရဲကျော်စွာ။ မိဖုရားခေါင်ကြီးမောင်တော်တည်း။


mgyoe.com

mgyoe.com SAMPLE BOOK

၂၉- 'မှတ်ကျော်-ပေါ်စ'
၃၀- 'ငမြ-ပေါ်ဟောင်း' } ဆိုသူတို့မှာ မပေါက်မြောက်ခင်။

၃၁- 'ငနှောင်း-ပေါ်ရင်း' ဆိုသူကို လက်ျာကျော်ထင်။

၃၂- 'ညိုမင်း-ပေါ်ထင်' ကို မင်းကျော်ရွှေတောင်။

၃၃- 'ငသွင်-ညွန့်လန်း' ကို မင်းငယ်ကျော်။ မရှီးတော်သား။

၃၄- 'ငပန်း-ညွန့်ခက်' ကို နန္ဒယော်ဓာ။

၃၅- 'ငဖက်-ညွန့်လှ' ကို စက်ရဲပျံ့ချီ။

၃၆- 'ထွန်းရ-မည်ခေါ်' ကို မင်းလှကျော်စွာ။

၃၇- 'ထွန်းကျော်-မည်သာ'
၃၈- 'ငရာ-မည်ခံ' } ဆိုသူတို့မှာ မပေါက်မြောက်ခင်။

၃၉- 'ကျော်စံ-စစ်မှူး' ကို နန္ဒကျော်ထင်။ ဆင်နှင်ဗိုလ်။

၄၀- 'သာဦး-စစ်တတ်' ကို လက်ဝဲဇေယျကျော်။

၄၁- 'သာမြတ်-စစ်ငင်' ကို သီရိပျံ့ချီ။

၄၂- 'သာထင်-စစ်တက်' ကို နန္ဒကျော်။

၄၃- 'ငခက်-စစ်မြှု' ကား မပေါက်ခင်လေ။

၄၄- 'မြတ်သူ-စစ်ဖြန်း' ကို လက်ဝဲရွှေတောင်။

၄၅- 'မြတ်ထွန်း-စစ်ခွာ' ဆိုသူကို မင်းကျော်ဗညား။

၄၆- 'မြတ်သာ-စစ်ဆော်' ကို ဘယကျော်ထင်။

၄၇- 'ရွှေကျော်-စစ်ကဲ' ကား မပေါက်ခင်။

၄၈- 'ရွှေခဲ-စစ်နည်' ကို ႀစ်ကောင်းသီရိ။

၄၉- 'ရွှေရည်-စစ်ရင်' ကို နရာပျံ့ချီ။

၅၀- 'ရွှေထင်-စစ်လိုက်' ကို နန္ဒကျော်ထင်။

၅၁- 'ငပိုက်-ရေးယူ' ကား မပေါက်ခင်။

၅၂- 'ညိုသူ-ရေးရှာ' ကို လက်ျာဘီလူး။

၅၃- 'ငသာ-ရေးကုံ' ကို ငွေတောင်လှကျော်။


mgyoe.com

mgyoe.com SAMPLE BOOK

၅၄– 'စိန်ငုံ–ရေးမြင်' ကို မင်းရဲကျော်။
၅၅– 'စည်ပင်–ရေးယောင်' ကား မပေါက်ခင်။
၅၆– 'သာထွန်းအောင်–ရဲပေါ်' ကို တုရင်ဗလ။
၅၇– 'လွန်းကျော်–ရဲလှ' ကို ဝေရကျော်။
၅၈– 'ငရ–အံ့အော်'
၅၉– 'ငတော်–အံ့အာ' } ဆိုသူတို့မှာ မပေါက်မြောက်ခင်။
၆၀– 'စံရာ–အံ့အဲ' ကို လက်ျာပျံချီ။
၆၁– 'စံခဲ–ဖက်လွတ်' ကို အင်ယဉ်တုရင်။
၆၂– 'စဲမှတ်–ဖက်ကျော်'
၆၃– 'ငဖျော်–ဖက်ကွာ' } ဆိုသူတို့မှာ မပေါက်မြောက်ခင်။
၆၄– 'ဖြိုးသာ–ဖက်လျှိုး' ကို လက်ျာကြံသိုင်း။
၆၅– 'ချစ်မျိုး–ဖက်ရှောင်' ကို ဗလရာဇာ။
၆၆– 'ငအောင်–လက်ကောင်း' ကား မပေါက်မမြောက်ခင် သေလေသည်။
၆၇– 'ဆုတောင်း–လက်ရ' ကို တုလွတ်ကျော်။
၆၈– 'ထွန်းမြ–လက်လည်' ကို 'ဗန္ဓုသေနကျော်ထင်' အမည်နှင့် သူကောင်းပြုတော်မူသည်။

ညောင်လှတပ်ကိုထွက်၍ ပြေးလေသော သမိန်လွတ်, ရဲခေါင်စံကျော်တို့လည်း လက်မချမူ၍၊ ရွှေခွန်ဝန်ကို လျှောက်ကြသည်ကား

''မှူဆိုးဘို၊ အလိုလိုနေရင်း၊ ဘုန်းကြီးသည့်မင်း။ နတ်တော်,ပြာသို နှင်းစိုစို၊ ဖားလိုပေါင်စင်း သေရမည်မင်း။–ဟု တဘောင်ပေါ်သည်။ ယခုလည်း နတ်တော်, ပြာသိုလ ရောက်ပြီ။ မူးအနောက်ဘက်တောက တပ်ဖြိုးတပ်ခိုင်တည်၍ အနောက်ဘက်တစ်ပြင် မြန်မာရှိသမျှကို သိမ်းရုံး၍ ကျွန်ုပ်တို့တိုက်မည်။ မှူဆိုးဘို ခံနိုင်မည်ပါလော။'' ဟု လျှောက်၍၊


mgyoe.com

ဗညားလကွန်းအိမ် ၁ တပ်, ဗညားလော ၁ တပ်, သမိန်လွတ် ၁ တပ်, ရဲခေါင်စံကျော် ၁ တပ်, မတ္တရာဗိုလ် ၁ တပ်- တပ်ပေါင်း ၅ တပ် ပါသည့် မြင်း ၁၀၀၀, သေနတ် ၁၀၀၀, မွန် ၁၀၀၀။ ကျောက်ကာစားသမက် ရုံးကားစားမှူကား ကျောက်ကာ, သာစည်, အမြင့်, ဗဒုံ, ဒီပဲယင်း မြန်မာလက်နက်ကိုင် ၁ သောင်း ၅ ထောင်, မြင်း ၁၀၀၀, သေနတ် ၁၀၀၀ တို့ကို သိမ်းရုံး၍ မွန်တို့နှင့် တစ်ချက်တည်း စည်းရုံးလျက် တည်တောတွင် တပ်တာအခိုင်အလုံ စိုက်ဆောက်၍နေကြ၏။

ထိုသို့ 'မွန်တို့ အခိုင်အဖြီးနေကြောင်း'ကို ကြားတော်မူလျှင်၊ ခင်လတ်ဗိုလ် မင်းကျော်စည်သူ ၁ တပ်, မူဆိုးချုံဗိုလ် မင်းလှရွှေတောင် ၁ တပ်, ဆင်နှင်ဗိုလ် နန္ဒကျော်ထင် ၁ တပ်, ယင်းပါဗိုလ် မင်းလှကျော်ခေါင် ၁ တပ်, ယင်းတောဗိုလ် ဗလကျော်ခေါင် ၁ တပ်, သေနတ်ဝန် မင်းကျော်ပျံချီ ၁ တပ်- တပ်ပေါင်း ၆ တပ်တွင် ပါသည့် မြင်း ၅၀၀, သေနတ် ၁၀၀၀, စစ်သည်သူရဲ ၅၀၀၀ ခန့်ထား၍၊ မချီမသွားမီ ၅ ရက်လောက်က မွန်တို့ 'စစ်ခြေကြွစေမည်' အကြံတော်ဖြင့်၊ ဗဒုံမြို့ကျေး ဒီပဲယင်း-ကင်းစမ်းရွာသို့ မြင်းအစီး ၃၀ ကျော် သွား၍ မီးတိုက်ရ၏။

မီးကိုမြင်လေလျှင် ဗဒုံသားတို့ကား "ငါတို့ကျေးရွာသို့ မူဆိုးဘိုက တက်၍ ဖျက်ဆီးချေပြီ။ မယားတကွဲ သားတကွဲ ရှိရတော့မည်။" ဟု နှလုံးညစ်ညျူးကြကုန်၏။

တပ်မှူး ၆ ဦးသားတို့လည်း မြို့တော်က ချီသွား၍၊ ဆင်တင်က ကူး၍ တည်တောတပ်သို့ ရောက်လျှင်၊ မရပ်မဆိုင်း တစ်ဟုန်တည်း အနောက်မျက်နှာ, တောင်မျက်နှာက သူတို့ပစ်သည်ကို ပမာဏ မမှတ်။ 'မြန်မာလူမျိုးတို့ လွတ်ရာ ထွက်ပြေးကြလေ။' အသံပေးလျက် တပ်ကိုတက်ကြလျှင်၊ မြန်မာတို့က လက်မကူ လက်နက်ကိုပစ်ချ၍ ပြေးကြလေသဖြင့်၊ မွန် ၅ တပ်သားတို့လည်း တစ်ယောက်တစ်ပါး အဆီးအတားမရှိ ထွက်ပြေးလေ၍ အမြောက် ၂၀, သေနတ် ၅၀၀, မြင်း ၁၀၀, လူ ၁၀၀၀ ရလိုက်၏။


mgyoe.com

mgyoe.com

ရုံးကားစားလည်း မြင်းသင်းခွေ ၃ တောင် ၁ မိုက်ကို စီး၍ တပ်က ထွက်ရာတွင်၊ ရဲစက်ကျော်ခေါင်နှင့် ဆိုင်မိ၍ အထိုးအပစ်ကို မခံဝံ့။ မြင်းက ဆင်းပြေး၍၊ ရလိုက်သည့် မြင်းသင်းခွေကို ရွှေစက်တော်အောက် ဆောင်ယူခဲ့၍ ဆက်လျှင်၊ 'နတ်ယဉ်ကျော်' သမိုက်[၁]၍ ရွှေစက်တင်တော်မူ၏။

## ကျွန်းတောကြီးတပ်ကို တိုက်ခြင်း

ထိုနှစ် ပြာသိုလ[၂]တွင် ငလျင် ပြင်းစွာလှုပ်၍ မိုးကြိုး သည်းစွာရွာ၏။

တပို့တွဲလတွင် ဗဒုံ့, မုံ့ရွာတိုင်အောင် ရွှေစက်တော်ဖြန့်၍၊ အနိမ့်, အမြင့်, ကျောက်ကာ, သာစည် စသော မြို့သူကြီးရွာသူကြီးတို့ကို သစ္စာတော်ပေး၍ ပြန်တော်မူပြီးလျှင်၊ 'မွန်တို့ကို ဆီးဆို့စေမည်။' ဗဒုံ့ကျေးလက် ညောင်ကန်၌ လက်နက်ကိုင် ၁၀၀၀ နှင့် မင်းကျော်ပျံချီကို အစောင့်အရှောက်ခန့်ထား၍ စောင့်နေရ၏။

ရာဇာဓိရာဇ်လည်း ''ချစ်ညို ခင်ဦး[၃]ပျက်၍ ကျွန်းတောကြီးသို့ ခိုဝင်လာသည်ကို၊ မူဆိုးဘိုက လိုက်၍ဖမ်းလာမည် မချွတ်။ ငါတို့အား အနှောင့်အယှက် ဖြစ်လတ္တံ့။ အနှောင့်အယှက်မရှိခင် ပြောင်းခွာပါရစေ။'' ဟု အင်တိုင်းတပ်က သည် ချင်းတွင်းမြစ်အနောက်ဘက် မင်းခင်းမြို့သို့ ဝင်၍ ဆင်လုံးမြင်းရင်းနှင့် နေလေ၏။

မင်းခင်းကသည် ကန္နီ[၄]သို့တိုင်အောင် ဆင်း၍၊ မြစ်အရှေ့ဘက် တစ်ပြင် မီးထင်းတိုက်စေ၍ ဖျက်ဆီး၏။

ညောင်ကန်က သေနတ်ဝန် မင်းကျော်ပျံချီ သွား၍တိုက်လျှင်၊ ကန္နီမြို့ တွင် မနေဝံ့၍၊ မင်းခင်းမြို့သို့ ပြန်၍ နေမြဲနေရလေ၏။

ကျွန်းတောကြီးသားတို့လည်း ချစ်ညို ရောက်လာလျှင် သစ္စာတော်ကို မခံဘဲ နေပြန်လေ၏။

---

၁။ သမိုက် = သမုတ် = သတ်မှတ်သည်။ ခေါ်ဝေါ်သည်။
၂။ ခရစ်နှစ် ၁၇၅၂ ခု ဒီဇင်ဘာလ
၃။ ခင်ဦးစားချစ်ညို။
၄။ 'ကမ်းနီ,ကန်နီ'စသဖြင့် ပုံနှိပ်ခဲ့သည်များကို ပြင်ထည့်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုအကြောင်းကို ကြားတော်မူ၍ "မင်းကျော်ပျံချီ။ ချစ်ညိုကို အရ ဖမ်းလေ။" စေတော်မူ၍။

သက္ကရာဇ် ၁၁၁၅ ခု ကဆုန်လဆန်း ၅ ရက်နေ့။[၁] လက်နက်ကိုင် ၂၀၀၀ နှင့် ညောင်ကန်ကချီ၍ တိုက်လျှင်၊ ကျွန်းတောကြီးတပ် ပျက်၍၊ ချစ်ညိုလည်း မိဘဆွေမျိုးနှင့်တကွ ထွက်ပြေး၍ ရာဇာဓိရာဇ်ရှိရာ မင်းခင်းမြို့မှာ နေလေ၏။

ထိုသို့နေကြောင်းကို ကြားတော်မူလျှင်၊ "ရာဇာဓိရာဇ်သည် ငါ့ရန်သူ ချစ်ညိုကို လက်ခံသိမ်းထားလေသည်။ မင်းကျော်ပျံချီ ယခုပင် ရာဇာဓိရာဇ် နှင့်တကွ ချစ်ညိုကို ရအောင် ဖမ်းဆီးချေ။" စေတော်မူ၍၊ လူ ၂၀၀၀ ခန့် နှင့် ညောင်ကန်က မင်းခင်းမြို့သို့ ချီသွားလေသော်၊ မင်းခင်းမြို့တောင် ပသေ ချောင်းရေကို ဆင်းကူး၍ ချောင်းတစ်ဖက်သို့ တက်မိလျှင်၊ အတိုက်အလံ မခံဝံ့ ထွက်ပြေး၍၊ ထီးလင်းစော်ဘွားညီ ကျေနနေရာ သစ်ခေါက်သို့ ဝင်ပြေး လေ၏။

## သစ်ခေါက်တပ်ကို တိုက်ခြင်း

ထိုအကြောင်းကို ကြားတော်မူပြန်၍၊ "ငကျေန့်နှင့်တကွ လူပြေးတစ်စုကို မလွတ်စေရ။ သေနတ်ဝန် မင်းကျော်ပျံချီ လိုက်၍ ဖမ်းလေ။" စေတော်မူလျှင်၊ လူ ၂၀၀၀ ကျော်နှင့် ချီသွားလေ၏။

ရာဇာဓိရာဇ်နှင့် ချစ်ညိုတို့လည်း သစ်ခေါက်တပ်တွင် မနေဝံ့၍၊ "တောင်ငူရာဇာရှိရာ ပိုနိမ့်ပိုမြင့်သို့ ဝင်နေမှ ချမ်းသာရတော့မည်။" အကြံရှိ၍ ယော, ကျောက်ကာသို့ သွားလေ၏။

ဗိုလ်မင်း, သေနတ်ဝန်တို့လည်း သစ်ခေါက်တပ်သို့ရောက်လျှင် 'ရှုပ်ရှုပ် ချုံချုံလုပ်ကြံမည်။' ဟု တပ်ကို ကပ်ကြ၏။ အရပ် ၁၅ တောင် လုံးပတ် တစ်ဖက်ခန့် စေ့စပ်၍၊ လုံခြုံစွာစိုက်သည့်တပ် ဖြစ်၍ မတတ်နိုင်ချေ။ တပ်ကို ရံ၍ နေရ၏။

---

၁။ ၁၇၅၃ ခု ဧပြီလ ၆ ရက်။

mgyoe.com

ဗိုလ်မင်းကျော်ပျံချီလည်း သေနတ်တစ်ထောက်ခန့်က တပ်သို့ မြင်းဦး စိုက်လျက် ဆော်ဖန်ကွပ်ကဲ၍၊ နံနက် ၄ ချက်တီးချိန်ကသည် ၁ ချက်တီးကျော် သို့ ရောက်လျှင် တပ်တွင်းကပစ်ဖောက်သည့် အမြောက်၊သေနတ် ထိပါး၍ စစ်သည်တို့ သေကျေသည်နှင့် ယင်းပါဗိုလ် မင်းလှကျော်ခေါင်ကို ကျည်စေ့ သင့်ရာတွင်၊ မြင်းသည်တို့ကို ခေါ်၍၊ "သေနတ်လုလင်ခြေလျင်တို့ကို အလျင် ဆုတ်စေ။ မြင်းသည်တို့ နောက်ကအုပ်၍ လိုက်။ မကျန်စေနှင့်။ 'ခြေသည် တစ်ယောက်မျှ သူ ရသည်။' ကြားလျှင် နင်တို့ကို စီရင်မည်။" အာဏာထား၍ ခြေသည်တို့ဆုတ်လျှင်၊ နောက်မြင်း အုပ်၍ လိုက်ရ၏။ သူကလိုက်သည်ကို မြင်းသည်တို့ ဆီး၍တိုက်ရလေ၏။

ဗိုလ်မှူးလည်း မကြောက်မရွံ့ ကြပတော့သာ လိုက်၏။ နောက်တစ်ကြိမ် လုပ်ကြံပြန်သည်လည်း မရလေ။

ထီးလင်းစော်ဘွားမှူကား နောင်ရေးကို မြော်တင်း၍၊ ထီးလင်းက ခွာ၍ မြစ်သာနားမှာ နေလေ၏။

## မယုံစားရသူတို့ကို ကွပ်မျက်ခြင်း

ကွေ့လဝတို့ကို အကြီးမှူးသော ဂုဏ္ဏာအိန်က "သစ္စာတော်ကို ခံ၍ အမှုတော်ကို ထမ်းပါမည်။ သူရဲကောင်း ငနက်ကိုလည်း မဆွကပင် ခြေရင်း တော်မှာ အပ်နှံ၍ ရှိနှင့်ပါပြီ။" ဟု တရုတ်ဝန်ဆိုသူ စော်ဥကိုင်နေ ကျော်သူကို လူ ၃၀၀ နှင့် စေလွှတ်လိုက်၍ ရောက်လာလျှင်၊ တဲကနား ပေး၍ ကောင်းမွန်စွာ ထားတော်မူ၏။

အလောင်းမင်းတရားလည်း ကွေ့လဝက ရောက်လာသည်ကို ဆင်ခြင် တော်မူသော်၊ "ယမန်လတွင် မွန်သစ္စာကို ခံမည့်ဟန်နှင့် လှည့်ပတ်ဖြား ယောင်း၍၊ ပိဝအရပ်တွင် အကုန်အစင်မွန်တို့ကို သတ်၍ လေ့ ၂၀၀ ကျော် ကို ယူလေသည်။ ယခုလည်း ထိုကဲ့သို့ ကြံမည့်လက္ခဏာ ရှိချေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ကွေ့ လဝလူမျိုးကား မွန်တို့ကဲ့သို့ ပရိယာယ်ဝေဝုစ် နိုင်သည့်လူမျိုး ဖြစ်သည်။ မယုံကောင်း။''ဟု ဆင်ခြင်စုံစမ်းတော်မူ၍ အတပ်အကြပ်သိပြီးလျှင် တစ်ယောက်မကျန် ဖမ်းဆီးသတ်ညှစ်ကြရ၏။

ကွေ့က တရုတ်ဝန်လည်း ''ယခု ရွှေမြို့တော် တည်မည့်ဆဲဆဲ ဖြစ်ပါသည်။ အရှေ့မျက်နှာ မြို့တော်တာကို ကျွန်တော်ကချည်း လုပ်ဆောင်ပါမည်။'' လျှောက်သော်လည်း၊

''နိုင်ငံတော်တွင် ကျုံးတူးမြို့လုပ် ရှားသည် မဟုတ်။ နင်ကဲ့သို့သောသူကို အရှင်မထားကောင်း။'' အမိန့်တော်ရှိ၍၊ ကွပ်လေ၏။

သေနတ်ဝန်ထံ အမှုထမ်းနေသော ငကွငနက်[၁]ကိုလည်း သေနတ်ဝန်ကိုမှာ၍ ကွပ်လေ၏။

## မြို့တော် တည်ခြင်း

အလောင်းမင်းတရားလည်း ''ယခု ငါတို့သည် သူပြည်သူ့ရွာကို ဟုတ်စားတတ်သော သူခိုး၊ ဓားပြနှင့်အတူ သစ်တပ်နှင့်သာ ဖြစ်ချေသည်။ ထီးဆောင်နန်းနေ ဧကရာဇ်ချင်း သံတမန်အစေအပါး လာရောက်၍မျှ မလျှောက်ပတ်။ မြို့တည်ရာမှ သင့်မည်။'' အကြံတော်ရှိ၍၊

ပထမဝါဆိုလပြည့်ကျော် ၆ ရက် ကြာသပတေးနေ့။[၂] ကျုံး၊ မြို့၊ ရွှေနန်း၊ နတ်ကွန်း၊ ပဟိုရ်၊ ရွှေချက်သိုစေတီတော်၊ နန္ဒာကန်တော် ဟူသော ၇ ဌာနကို ပါဒ်ဗိဇနာ ပြန်ခရာ တစ်ပြိုင်နက်တည်း စီရင်တော်မူ၍ 'ရတနာသိဃ်ကုန်းဘောင်ပြည်ကြီး' သမိုက်တော်မူ၏။

တောင်ငူရာဇာအမှုထမ်း 'ဗညားဥပရာဇာ' ဆိုသူလည်း ရွှေစက်တော်အောက်လာ၍ ဗိုလ်မှူးအရာနှင့် အမှုတော်ကို ထမ်းစေရ၏။

---

၁။ ရှေ့စာမျက်နှာ၌ 'ငနက်'-ဟုသာ ဖော်ပြသည်။

၂။ ၁၇၅၃ ခု ဇွန်လ ၂၁ ရက်

mgyoe.com

mgyoe.com SAMPLE BOOK

## ကွေ့တို့ကို တိုက်နှိမ်ခြင်း

ကွေ့လဝတို့အကြီး ဂုဏ္ဏအိန်လည်း ''ဘို ၃ ဘိုတွင် တစ်ဘို မင်းဖြစ်လတ္တံ့။- ဟူသော သိုက်ဓာတ်နိမိတ်လည်း ရှိသည်။ ယခုလည်း မူဆိုးဘိုမှာ ထီးနန်းမြို့ပြ ပြည်ထောင်မိချေပြီ။ နောင်သော် ငါတို့သို့ လာလတ်မည်။ ခဲခက်ရာအရပ်သို့ ရှောင်လွှဲနှင့်မှ သင့်မည်။'' အကြံရှိ၍၊

''တောင်သုံးဆင့်သို့ ပြောင်းလွှဲနေလေသဖြင့် ငါတို့ရှိရာ မြန်မာတို့စစ်မရောက်နိုင်ပြီ။ လာရောက်သော်လည်း အကျဉ်းက ဆီး၍တိုက်မည်။ ငါတို့လက်တွင် မြန်မာတို့ ခံနိုင်မည်လော။'' ဟု အမှတ်ရှိ၍ ကျောက်မြောင်းအရှေ့ဘက်၌ရှိသည့် ကျွဲ, နွား, လူသူတို့ကို ဖမ်းဆီး၏။ ခရီးသွားတို့အား လုစားဖျက်စားပြု၏။

ထိုအကြောင်းများကို ကြားတော်မူလျှင်၊ ပင်လယ်ဂါမဏိ ၁ တပ်, မူဆိုးဘို မင်းလှမင်းခေါင် ၁ တပ်, သေနတ်ဝန် မင်းလှမင်းခေါင်ကျော် ၁ တပ်, သားတော် အိမ်ရှေ့မင်း တပ်မပြု၍၊ မြင်း ၁၀၀ ကျော်, သေနတ် ၁၀၀၀, လူ ၂ သောင်း ၅ ထောင်နှင့် နတ်တော်လဆန်း ၅ ရက်နေ့[၁] တောင်သုံးဆင့်သို့ ချီရသည်။

ဂုဏ္ဏအိန်လည်း မိုးမိတ်သို့ သစ္စာတိုက်သွားကြိုက် 'စစ်ရောက်လာကြောင်း'ကို ကြား၍၊ သားမယားတို့ကို တောင်မြောင်ချောက်ကြား ပုန်းလွှဲထား၍ ယောကျ်ားကောင်းချည်း သူရဲ ၃၀၀ သားတို့သည် ချုံပုတ်ပေါင်းတို့က ပုန်းအောင်းကွယ်ထောင့်လျက် လက်နက်, လှား, ကာ လက်စွဲကာ နေကြ၏။

ရဲမက်တော်တို့လည်း လမ်းကျဉ်းလမ်းမြောင် တောင်ခါးပန်းသို့ လှည့်၍ တက်ကြလျှင်၊ ၁ ပယ်ခန့်သောမြေပြင်ကို တွေ့၍၊ 'ဆင်,မြင်း အပင်အပန်းဖြေဦး မည်။' ဟု မြင်းကဆင်း၍ နေကြစဉ်၊ 'ငကပ်'ဆိုသူတစ်ယောက်တည်း လှံတစ်စင်းနှင့်သာ ရှေးဖျားစွန်းစွန်း ဦးစွပ်လာသည်ကို ပင်လယ်ဂါမဏိကြီး သိ၍ လှံနှင့် တုပ်သည်။ တစ်တောင်လောက်မှာ စဉ်၍ကျသည်။ မစူးမရှ။

---

၁။ ၁၇၅၃ ခု နိုဝင်ဘာလ ၃၀ ရက်

mgyoe.com

 mgyoe.com SAMPLE BOOK 

ကေပ်လည်း ထ၍ လုံရေးကစားပြန်သည်ကို မြင်လျှင်၊ ပုန်းကွယ်နေသော ကွေ့လဝတို့ အကုန်ထွက်၍ ထိုးခုတ်သဖြင့်၊ ရဲမက်တော်တို့ စစ်မျက်နှာဖြန့်၍ မခံသာ။ ကွေ့လဝတို့ကို ခန့်ညားရွံ့ရှာရင်းရှိသည်နှင့် မည်သူတစ်ယောက်မျှ မရပ်မခံဝံ့။ ကရဲကစဲ ကိုယ်လွတ်သာ ကြိုးကြ၍၊ တောင်ကမ်းပါးပြတ် ချောက်ထဲသို့ကျ၍ အများပင် ယိုယွင်းချေ၏။

အိမ်ရှေ့မင်းလည်း ''မူဆိုးချုံဗိုလ် ဆီးခံပါ။''အမိန့်ရှိသည်ကို ''တပ်လုံးပျက်၍ ရှိလေပြီးသည်။ ငါတစ်ယောက်တည်း ခံနိုင်မည်လော။'' ဆို၍ ထွက်သွားလေသဖြင့်၊ 'မချေမင် မူဆိုးချုံဗိုလ် ဆိုကြောင်းများ' ကို ခမည်းတော်အား လျှောက်ထားလျှင်၊

''ငထွန်းငယ်ကို အရှင်ထားရမည့်သူ မဟုတ်။ သံခြေချင်းနှင့် ထား။ တပ်မှူးတစ်စုတည်း အမှုတော်ကို မထမ်းသောကြောင့်သာ ငါ့ကျွန်တော်မျိုးအများ ဆုံးပါးရလေသည်။ သင်းတို့ အရိုင်းအစိုင်းအနည်းငယ်ကိုမျှ မစီးနင်းနိုင်သော် နောင် စစ်ကြီးမက်ကြီး တွေ့သည်ကာလ ဘယ်သို့ ထမ်းရွက်ကြမည်နည်း။ သင်းတို့တပ်မှူးတစ်စုကို အကျဉ်းထား။''

အမျက်တော် ပြင်းစွာရှိလတ်ရာတွင် သားတော်မြေဒူးမင်းက ''ဂုဏ္ဏာအိန်သည် နွားခြေရာကိုအမှီရသော ဘီလုံးငှက်ငယ်သည် စွန်ရဲကို နိုင်ဖူးလေသကဲ့သို့၊ ကျပ်မြောင်တောင်ကြား စဉ်းဝါးမသိ ရှိကြသည်ဖြစ်၍ လိပ်လည်း ခြင်းသာ ဖြစ်ပါသည်။ ချင်းတို့လူမျိုးကား သူခိုးဓားပြကဲ့သို့ဖြစ်၍ ထီးနန်းစိုက်ဆောက်နိုင်သည့်လူမျိုး မဟုတ်ပါ။ သည်တစ်ခါ ကျွန်တော်မျိုး မိုးမိတ်ကြောင်း၊ သေနတ်ဝန် မင်းလှမင်းခေါင်ကျော်တို့မှာ ချီမြဲလမ်းဟောင်း ချီစေ၍၊ စစ် ၂ ဖက်ညှပ် ချပ်ဖမ်းပါရလျှင် ဂုဏ္ဏာအိန် လက်တော်က လွတ်နိုင်မည် မဟုတ်ပါ။'' လျှောက်ရာတွင် အမျက်တော်ပြေ၍၊

သားတော်မြေဒူးမင်းမှာ မင်းကျော်စည်သူ၊ မင်းလှကျော်သူတို့နှင့် မြင်း ၃၀၀၊ သေနတ် ၁၀၀၀၊ လူ ၃၀၀၀ မိုးမိတ်ကြောင်း။


mgyoe.com

mgyoe.com SAMPLE BOOK

သေနတ်ဝန်မင်းလှမင်းခေါင်ကျော်၊ မူဆိုးချုံဗိုလ်မင်းလှမင်းခေါင်, ပင်လယ်ဂါမဏီတို့မှာ မြင်း ၃၀၀, သေနတ် ၁၀၀၀, လူ ၃၀၀၀ နှင့် အုတ်ဖိုကြောင်း။- ခန့်တော်မူ၍၊ နတ်တော်လဆန်း ၅ ရက်နေ့[၁] ချီသွားစေသည်။

သေနတ်ဝန်တို့ ချီလေရာမှာ သပြေချောင်းဖျားတွင် ကင်းတပ်ချင်းတွေ့၍ တိုက်ကြလျှင်၊ ကွေ့တို့ ဆုတ်ပြေးလေ၍၊ ဗိုလ်ပါအင်အား များကြောင်း ကင်းတပ်သားတို့ ကြားလေသော်၊ "သေနတ်ဝန်တို့ တပ်သာ မဟုတ်။ သားတော် မြေဒူးမင်းလှ မိုးမိတ်ကြောင်း ချီလာသည်ဆိုသည်။ စစ် ၂ ဖက်ညှပ်ချပ်၍တိုက်ချေက ငါတို့ မခံနိုင်ရာ။ စစ်မရောက်မီ ရှမ်းပြည်သို့ တက်သွားမှ သင့်တော့မည်။ ယင်းသောခါ ချင်းတို့ နောက်ထပ် မလိုက်လာအောင် ညဥ့်ကို ဝင်၍ ခြောက်လှန့်ဦးမည်။" ဟု သီပေါမြို့တွင် ကင်းထောက်မထား အမှတ်မဲ့ နေခိုက် မောက်မာစွမ်းသန်သည့် သူရဲ ၃ ကျိပ် ညဥ့်တိတ်ဆိတ် ဝင်၍ ခြောက်လှန့်လာလျှင်၊ တပ်လုံးလန့်၍ ရဲမက်တော်တို့ အထိအပါးရှိချေ၏။

ဂုဏ္ဏအိန်လည်း ရှမ်းပြည်သို့ အလျင်တက်ပြေးလေ၏။ မမိလိုက်ချေ။ တောအုံတောင်ကမ်း လမ်းစဥ်မသိ၍လည်း မလိုက်နိုင်ချေ။ ပစ်စွန့်ခဲ့သည့် လက်နက်ကိရိယာ၊ ကျန်ရစ်သည့်မိန်းမသနာ၊ ရှိရစ်သည့် ကျွဲ,နွားကိုသာ ယူ၍ ပြန်ခဲ့ရ၏။

## မွန်တပ်များကို စု၍တိုက်ခြင်း

ကွေ့လဝတို့ကို အလိုတော်ပြည့်ပြီးလျှင်၊ တောင်ဘက်တစ်လွှားကို လက်နက်သွင်း၍၊ မြင်း ၃၀၀၀, လူ ၂၀၀၀ နှင့် အင်းဝမြို့မှာ ရွှေခွန်ဝန်, စစ်တောင်းဗိုလ်, လက်ျာဗိုလ်တို့ နေလေသည်။

လောင်းသာမှာလည်း တပ်ခံထားသည် ကြားတော်မူ၍၊

"မင်းလှမင်းခေါင်ကျော်, မင်းကျော်တန်ဆောင်, ဗညားဥပရာဇာ, ရဲစက်တံခွန်တို့ မူးဝက တပ်နှင့်နေလေ။ နံနွှင်းကိုင်းက မင်းလှမင်းခေါင်ကျော် ရောက်လျှင် ၂ တပ်သား ပေါင်း၍တိုက်လေ။"

---

[၁]။ ၁၇၅၃ ခု နိုဝင်ဘာလ ၃၀ ရက်

mgyoe.com

mgyoe.com SAMPLE BOOK

အမိန့်တော်ရှိ၍၊ မင်းလှမင်းခေါင်ကျော် ဧရာဝတီကြောင်း ဆန်ခဲ့၍ ရောက်လျှင်၊ မူးဝကတပ်နှင့် ပေါင်း၍ တိုက်ကြသည်။ လောင်းသာတပ် ပျက်လေ၏။ ရဲစက်တံခွန်လည်း လက်နက်ထိ၍ ဆုံးချေ၏။ မွန်တို့လည်း အင်းဝမြို့သို့ ပေါင်းလေ၏။

မင်းလှမင်းခေါင်ကျော်တို့လည်း အင်းဝတိုင်အောင် လိုက်၍၊ ယင်းရဲ တံခါးရွက်ကို ပုဆိန်နှင့်ပေါက်ရာတွင် မြို့ထိပ်က မွန်တို့ သံခဲသံချွန်နှင့်ပစ်ချ၍ ဦးခေါင်း,နဖူးကို ထိပါးရာတွင် ဆုတ်ခဲ့ရ၏။

တကောင်းဈေးတံခါးက တက်သည့်လူတို့ကိုလည်း အောင်ထွန်းတံခါး က မြင်းနှင့်ထွက်၍ ထိုးသောကြောင့် လှေတက်များ ရှိသမျှ စုခဲ့ရလေ၏။

အင်းဝသို့ချီလေသည့် ရေတပ်ပျက်ကြောင်း။ ရဲစက်တံခွန်တို့ ဆုံး ကြောင်း။ မဟာဥပရာဇာလည်း 'မူဆိုးဘိုမှာ မနေလိုပြီ။ မွန်တို့သို့ ပါဝင် တော့မည်။'-မွန်ဘာသာပြောဆိုသည်ကို နားလည်သူတို့ လျှောက်ထား၍ ကြားတော်မူလျှင်၊ ဗညားဥပရာဇာကို ကွပ်တော်မူ၍ အင်းဝသို့ချီမည်ကို စီရင်ခန့်ရုံတော်မူသည်ကား၊

မင်းလှဥဒိန်ကျော် ၁ တပ်, မင်းကျော်စည်သူ ၁ တပ်, မင်းကျော်တန် ဆောင် ၁တပ်၊, မင်းလှရွှေတောင်၁တပ်, မင်းရဲကျော်စွာ ၁ တပ်, သားတော် မြေဒူးမင်းတပ်မှာ လက်ဝဲကုမ္ဘဏ်ကို တပ်မှူးခန့်၍၊ တပ်ပေါင်း ၆ တပ်တွင် ပါသည့် မြင်း ၃၀၀[၁], သေနတ် ၁၀၀၀, စစ်သည်သူရဲ ၃၅၀၀ နှင့် စေဥ္စကိုင်က အရှေ့ဘက်သို့ကူးပြီးလျှင်၊ ထီးပေါင်းကား-စကျင်ဝသို့ ချီ၍၊ ရွှေကြက်ယက်- တပ်ကြီးက ရုံနေလေ၏။

---

၁။ ပုံနှိပ်ပြီးမူများ၌ '၃၀၅' ဟု ကတ်သီးကတ်သတ်ပြသည်ကို '၃၀၀' ပြင်ထည့်၏။

mgyoe.com

mgyoe.com

SAMPLE BOOK


## အင်းဝမြို့ကို သိမ်းပိုက်ခြင်း

လက်ျာဘီလူး ၁ တပ်, လက်ျာပုံချီ ၁ တပ်, မင်းလှမင်းခေါင် ၁ တပ်, မင်းလှကျော်သူ ၁ တပ်, မင်းလှစည်သူ ၁ တပ်-သည် ၅ တပ်တွင်ပါသည့် မြင်း ၃၀၀, သေနတ် ၁၀၀၀, စစ်သည် ၃၀၀၀ နှင့် စစ်ကိုင်းသို့ ချီစေ၍၊ စစ်ကိုင်းကသည်း တောင်ဘက်သို့ကူး၍ ဘားတမော့ ဆင်ကျုံးက ရံ၏။ မင်းလှမင်းခေါင်ကျော်လည်း လှေ ၃၀၀နှင့် နန္ဒင်းကိုင်းကိုချီ၍ မီးသွေးတိုက်က ရံ၏။

ကြည်းတပ်, ရေတပ် အညီအညွတ်ရောက်လျှင် အရှေ့ဘက် တပ်ကြီးကသည် တောင်ပံဖွဲ့၍ ကူးမည်။ စီရင်၍၊ အနောက်ဘက် ကြည်းတပ်သားလည်း ထန်းကျင့်လှေကား[၁] စီရင်၏။

ရေကြောင်းကိုလည်း မီးသွေးတိုက်ကသည် မြစ်ငယ်ဝဆိုက်အောင် လှေတက်ခင်းကျင်းသည်ကို မြင်လျှင် ရွှေခွန်ဝန်, စစ်တောင်းဗိုလ်, လက်ျာဗိုလ်တို့ မနေဝံ့၍၊ ညဥ့်ကို ထွက်ပြေးလေ၍ အင်းဝမြို့ကို ရတော်မူ၏။

အလောင်းမင်းတရားလည်း နေပြည်တော်က ၃ စခန်းနှင့် စစ်ကိုင်းသို့ ရောက်တော်မူ၍၊ စစ်ကိုင်းတောင် မြစ်သောင်ပြင်၌ ရပ်နေစံပယ်တော်မူ၍၊ အင်းဝမြို့တွင် ပျက်စီးယိုယွင်းသည့် ဘုရားပုထိုးတို့ကို အသီးသီး ကြေးတော်ပေးအပ်၍ ပြင်ဆင်လုပ်ဆောင်ကြရ၏။ သေနတ်ဝန်ကိုလည်း နန္ဒင်းကိုင်းသို့ ပြန်၍ စောင့်နေမြဲစောင့်နေ စေရ၏။

## အထက်ရှမ်း, ကချင်တို့ကို နှိမ်နင်းခြင်း

အင်းဝမြို့မှာလည်း မြင်း ၃၀၀, သေနတ် ၅၀၀, အမြောက် ၃၀, စစ်သည် ၃၀၀၀ နှင့် မင်းလှကျော်သူကို အစောင့်အနေ ခန့်တော်မူခဲ့၍၊ တပို့တွဲလပြည့်ကျော် ၈ ရက်နေ့[၂] အညာ ဆင်ပို, မှန်ကင်းသို့ ဆန်တော်မူသည်။

---

၁။ 'တံချင်လှေကား'-ဟုလည်း တွေ့ရ။
'ထန်းကျင့်' ကို 'အနီရောင်ရှိသောနွယ်ပင် တစ်မျိုး'-ဟု မြန်မာအဘိဓာန်၌ပြ။
'တံကျင်'ကို 'သံချွန်,တံစိုး'ဟု ခေတ်ဟောင်း မြန်မာ့သမိုင်း သုတေသနသ ရုပ်ပြအဘိဓာန်၌ပြ။ 'တံကျင်လှေကား' လေလား။

၂။ ၁၇၅၄ ခု ဖေဖော်ဝါရီလ ၁၅ ရက်

mgyoe.com